# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၁၁)၊ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၁၅-၁၀-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## ယနေ့ ဖတ်စရာ


**နဝမအကြော့ အာဆီယံ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေး အတွက် အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု**

ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၇

**လမ်းအဆင့်မြှင့်တင်ပေးရေး၊ ဆရာဝန်ခန့်ထားပေးနိုင်ရေး၊ ဆေးတက္ကသိုလ် ဖွင့်လှစ်ပေးရေး တို့နှင့်စပ်လျဉ်း၍ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်း တို့ ဆောင်ရွက်**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၉




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်းအတွင်း စက်စတင်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများ စတင်ပို့လွှတ်မှုအား Digital နည်းပညာဖြင့် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ အဆိုပါစက်ရုံနေရာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ✫

## တစ်ရှာနှစ်ကေ ကျေးရွာထင်းစိုက်ခင်းရှင်သန်ဖြစ်ထွန်း

**တံတားဦး အောက်တိုဘာ ၁၄**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ် အပူပိုင်းဒေသ သစ်တောဦးစီးဌာနမှ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးထားသည့် တံတားဦးမြို့နယ်၊ ဇီးချောင်းကျေးရွာ၌ စိုက်ပျိုးထားသော တစ်ရှာနှစ်ကေ ထင်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယနေ့နံနက်ပိုင်းက မြို့နယ်အပူပိုင်းဒေသ သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ထင်းစိုက်ခင်းများ ပိုမိုရှင်သန်ရေးအတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ တစ်ရှာနှစ်ကေ ထင်းစိုက်ခင်းများ စိုက်ပျိုးရာတွင် ကျွဲ၊ နွား တိရစ္ဆာန်များကြောင့် ထိခိုက်မှု မဖြစ်စေရန် စနစ်တကျ စိုက်ပျိုးထားကြောင်းနှင့် ယခုအခါ မြို့နယ်သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသော တစ်ရှာနှစ်ကေ ထင်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဇင်မြင့်ဦးထံမှ သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စိုက်ပျိုးထားသော တစ်ရှာနှစ်ကေ ထင်းစိုက်ခင်း ပိုမိုအောင်မြင်ဖြစ်ထွန်းရေးအတွက် ပေါင်းမြက်ရှင်းလင်းခြင်း၊ သစ်ပင်များအား ခါးဆွပေးခြင်း၊ မြေဩဇာကျွေးခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် နှစ်စဉ် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတုပြောင်းလဲမှု ဂေဟစနစ်များ မျှတကောင်းမွန်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ **ရဲတင့်(မြန်/ဆက်)**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဓလ**

## မိုင်းယောင်းမြို့နယ်၌ ရေဆင်းပေါ်ဆန်း-၁ စံကွက်ရိတ်သိမ်းခြင်း ကွင်းလက်တွေ့သရုပ်ပြပွဲ ကျင်းပ

မိုင်းယောင်း အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းက ရေဆင်းပေါ်ဆန်း- ၁ စံကွက်ရိတ်သိမ်းခြင်း ကွင်းလက်တွေ့သရုပ်ပြပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းက စားရေရိက္ခာဖူလုံရေး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မိုင်းယောင်းခရိုင်အတွင်း ရေဆင်းပေါ်ဆန်း-၁ နှင့် ရေဆင်းပေါ်ဆန်း-၂ စိုက်ပျိုးထားရှိမှုနှင့် ကွင်းလက်တွေ့သရုပ်ပြပွဲ ခေါ်ယူပြသရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၆ သို့ ✦



၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးအစီအမံများ ဆောင်ရွက်ကြရမည်

၂၀၂၆ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့၏ဆောင်ပုဒ်မှာ Resilience Starts at Home "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့"ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် ဘေးဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံ၊ မိသားစုနှင့် လူမှုအသိုက်အဝန်းများကို ဦးစွာတည်ဆောက်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ကျောက်စိမ်းခန်းမဦကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နိုင်ငံဖြစ်သဖြင့် ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ(၂၀၁၃)တို့နှင့်အညီ ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ကာကွယ်ရေးနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း(Build Back Better) ကို အလေးထားပြီး ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံများ တည်ဆောက်နိုင်ရန် Myanmar National Building Code 2025 ကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးကို ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝခြင်းနှင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အရေးပါသည့်အချက်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယသမ္မတက အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများ၊ သဘာဝဘေးအသိပညာပေး Animation ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ၊ သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ(မြန်မာ့ရိုးရာပန်းချီ)၊ အခြေခံအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံးမှပေးပို့သည့် သတင်းစကားရုပ်သံဗီဒီယိုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို ထူထောင်ရာတွင် အစိုးရ ပုဂ္ဂလိကကဏ္ဍများသာမက ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတိုင်းသည် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အစီအမံများတွင် ထိခိုက်ဆုံးရှုံးမှုကို လျော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို တစ်အိမ်ချင်းစီကအစပြု၍ နိုင်ငံတော်အဆင့်ထိ အဆင့်ဆင့်ကြံ့ခိုင်ပမ်းတည်ဆောက်သွားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ယနေ့နံနက် ၁၀ နာရီက ဦးမြင့်ကျော်သည် ဦးစောခိုင်၊ ဦးကိုကို၊ ဦးအောင်ဝင်းနှင့် ဦးတင်ဝင်းတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ၁၅၂ ကိုက်ကွာဝေးသော ကျင်းအမှတ်(၁၄) သို့ ဂေါက်သီးအမျိုးအစား Titleist-8 ကို ဂေါက်တံအမျိုးအစား XXIO IRON-8ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့သည်။

တစ်ချက်တည်းကျင်းဝင်အောင်ရိုက်နိုင်ခဲ့သော ဦးမြင့်ကျော်အား Sweety Home ကုမ္ပဏီက ငွေကျပ်ငါးသိန်းတန် ကူပွန်ဆု၊ Myanmar Casual Wear ကုမ္ပဏီက လက်ဆောင်ဆု၊ Eitai Myanmar လျှပ်စစ်လုပ်ငန်းကုမ္ပဏီက ငွေကျပ်ငါးသိန်းနှင့် MMIII Solar and Electronic Mart က ငွေကျပ်ငါးသိန်းတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကဆ)**

## ရေပေးရေးလုပ်ငန်းမှ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပခုက္ကူ အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ သန့်ရှင်းသောသောက်သုံးရေရရှိသုံးစွဲနိုင်ရေးအတွက် မြို့ရေပေးရေးလုပ်ငန်းအား ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ခရိုင်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများက စူပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကာလအတွင်း ပြည်သူများသန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိသုံးစွဲနိုင်ရေးနှင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့ရေပေးရေးလုပ်ငန်းမှ ရေသိုလှောင်ကန်၊ ရေစက်ရုံ၊ စက်ရေတွင်းများအတွင်း ရေဖြည့်တင်းထားမှုရှိ၊မရှိနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၃၄၀)**

## လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဆယ်အိမ်စုမှူးသင်တန်း ဖွင့်လှစ်သင်ကြား

**လားရှိုး အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လူထုအခြေပြုဗဟိုဌာန Community Centre ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းက ဆယ်အိမ်စုမှူးသင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးလွင်က သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းအား အောက်တိုဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ သင်တန်းနည်းပြဆရာ ၁၁ ဦးဖြင့် ပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမှုဆိုင်ရာ (TOT) ဆင့်ပွားသင်တန်းဖွင့်

**အမရပူရ အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် ၂၀၂၆ခုနှစ်၊ ဒီဇင်ဘာလတွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရန်အတွက် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမှုဆိုင်ရာ(TOT) ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သူဇာမြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ဇော်မျိုးဝင်းက တိရစ္ဆာန်စာရင်းကောက်ယူမှုဆိုင်ရာများနှင့်ပတ်သက်၍ တိရစ္ဆာန်အမျိုးအစားများနှင့် ကောက်ယူရမည့်ပုံစံများကို အသေးစိတ် ရှင်းလင်းဆွေးနွေး ပို့ချခဲ့ပြီး သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများရှိ ကျန်းမာရေးလုပ်သား ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှဲ့လှဲ့နိုင်**

## မဟာအောင်မြေမြို့နယ်ရပ်ကွက်များအတွင်း မြေပြင်ကွင်းဆင်းလူဦးရေစာရင်းကောက်ယူ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ် (၁၈)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ မြေပြင်ကွင်းဆင်း



လူဦးရေစာရင်း ကောက်ယူခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မဟာအောင်မြေမြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ မဟာအောင်မြေမြို့နယ် (၁၈) ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ မြေပြင်ကွင်းဆင်းလူဦးရေစာရင်းကောက်ယူခြင်းများ ဆောင်ရွက်ကြရာ ရပ်ကွက်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အဖွဲ့ခေါင်းဆောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေး အဖွဲ့ခေါင်းဆောင် ရပ်ကွက်စာရေး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုက်နယ်မှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြေပြင် တစ်အိမ်တက်ဆင်း လူဦးရေစာရင်းကောက်ယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၀၅၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်း ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အငြိမ်းစားအရာရှိကြီးများနှင့် စက်ရုံမှူးတာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ Thanlyin Refinery Company နှင့် မိတ်ဖက်ကုမ္ပဏီများမှပညာရှင်များ၊ သန်လျင်ရေနံချက်စက်ရုံမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ရောက်ရှိလာရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူလေးများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်း ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတသည် စက်ရုံပင်မထိန်းချုပ်ခန်းအတွင်းရှိ သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ပုံစံငယ်နှင့် ယခင်သန်လျင်ရေနံချက်စက်ရုံ၏ ခေတ်အဆက်ဆက် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲ လာရောက် စစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သန်လျင်ရေနံချက်စက်ရုံ၊ ပင်မထိန်းချုပ်ခန်းအတွင်း စက်စတင်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများ စတင်ပို့လွှတ်မှုအား Digital နည်းပညာဖြင့် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပင်မထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) စက်ရုံဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက်သန်လျင်ရေနံချက်စက်ရုံအတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်သုံးဆီများ ထုတ်လုပ်သည့် နည်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကိုကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားကို Digital နည်းပညာ အသုံးပြု၍ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် စက်ရုံတစ်ရုံတည်ဆောက် ပြီးစီးမှုကို ဂုဏ်ပြုသည့် မှတ်တိုင်တစ်ခုသာမက နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သည့် စွမ်းအင်လုံခြုံမှုကို တည်ဆောက်ရန် တို့အတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် စက်ရုံပင်မထိန်းချုပ်ခန်းအတွင်းရှိ သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ပုံစံငယ်ကို ကြည့်ရှုစဉ်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ဝန်ကြီးဌာန၏ နှစ် (၄၀) ပြည့် ပတ္တမြားရတု အခမ်းအနားနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့် အခမ်းအနားတို့ကို ကျင်းပနိုင်ခဲ့သကဲ့သို့ ယနေ့တွင်လည်း ရေနံချက် စက်ရုံသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ဝန်ကြီးဌာနအတွက် ဂုဏ်ယူဖွယ်ရာ မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယခုအောင်မြင်မှုကို အခြေခံပြီး နိုင်ငံတော်၏စွမ်းအင်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေနံလုပ်ငန်းနှင့်ပတ်သက်ပြီး ရှည်လျားသည့် သမိုင်းကြောင်း ရှိခဲ့ကြောင်း၊ သမိုင်းမှတ်တမ်းများအရ ၁၈၇၁ ခုနှစ် ကတည်းက **"ရန်ကုန်ရေနံကုမ္ပဏီ"** အမည်ဖြင့် ရေနံချက်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်ကို လေ့လာသိရှိရကြောင်း၊ ထို့နောက် ၁၉၂၅ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီလီမိတက်က တစ်ရက်ကို ရေနံစိမ်းဂါလန် ၈ သိန်းချက်လုပ်နိုင်သည့် သန်လျင်ရေနံချက်စက်ရုံကို တည်ဆောက်ခဲ့ပြီး ပြည်တွင်းရေနံမြေများက ရရှိသည့်ရေနံစိမ်းများကို ပိုက်လိုင်းများဖြင့် ပို့ဆောင်ချက်လုပ်ပြီး ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုတို့အတွက် ဆောင်ရွက်ခဲ့ကြောင်း။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ရေနံလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ပြန်လည်ပြုပြင်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ရေနံချက်စက်ရုံကို ပြန်လည်လည်ပတ်နိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင်လည်း စက်ရုံကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်ခဲ့ကြောင်း၊ သို့သော် ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှုနည်းပညာ၊ ထုတ်ကုန်အရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်တို့အကြား ဟန်ချက်မညီပါက စက်ရုံတည်ရှိနေရုံဖြင့် ရေရှည်အောင်မြင်မှုကို မရနိုင်သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ရေနံချက်စက်ရုံသစ်ကို တည်ဆောက်လည်ပတ်ရာတွင်လည်း စက်ရုံတည်ဆောက်ရေး တစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ကုန်ကြမ်းလုံလောက်မှု၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်၊ ထုတ်ကုန်အရည်အသွေးနှင့် စီးပွားရေးအရ အကျိုးအမြတ်ရှိမှုတို့ကိုလည်း တစ်ပြိုင်တည်း စနစ်တကျစီမံဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ယနေ့တွင် စီမံကိန်းပထမအဆင့် (Phase I) စက်ရုံသစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအောင်မြင်မှုသည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကာယ၊ ဉာဏလုပ်သားများ၊ မိတ်ဖက်ကုမ္ပဏီကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သဖြင့် သက်ဆိုင်သူအားလုံးကို အသိအမှတ်ပြုဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စက်ရုံလည်ပတ်မှု၊ ထုတ်လုပ်မှု စွမ်းဆောင်ရည်၊ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းမှု၊ စွမ်းအင်သုံးစွဲမှုနှင့် ထုတ်ကုန်အရည်အသွေးတို့ကို စဉ်ဆက်မပြတ်စောင့်ကြည့် သုံးသပ်ကြရန်နှင့် သတ်မှတ်ထားသည့် ရည်မှန်းချက်များနှင့် လက်တွေ့ရလဒ်များအကြား ကွာဟချက်ရှိပါက အကြောင်းရင်းများကို အချိန်မီဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က သန်လျင်ရေနံချက်စက်ရုံ(အပိုင်း -၁) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

စီမံကိန်း ဒုတိယအဆင့် (Phase II)အနေဖြင့် တိုးချဲ့ရေနံချက်စက်ရုံကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထိုအဆင့်တွင် ရည်မှန်းထားသည့် အဆင့်မြင့်စက်သုံးဆီများနှင့် ရေနံဓာတုထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်ရုံတည်ဆောက်ရေး တစ်ခုတည်းကိုသာ အာရုံစိုက်၍ မရကြောင်း၊ စီမံကိန်းအဆင့်အားလုံးပြီးစီးပြီး စက်ရုံလည်ပတ်လာသည့်အခါ လက်တွေ့ထုတ်လုပ်နိုင်မည့်ပမာဏ၊ ထုတ်ကုန်အမျိုးအစား၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်နှင့် ကုန်ကြမ်းရရှိနိုင်မှုတို့ကိုအခြေခံပြီး စီမံကိန်း၏ အကျိုးဖြစ်ထွန်းမှုကို သေချာစွာ စိစစ်သွားကြရန် လိုအပ်ကြောင်း။

မိမိအနေဖြင့် အလေးထားမှာကြားလိုသည်မှာ စက်ရုံစွမ်းရည်တိုးမြှင့်ရေးနှင့်အတူ စက်ရုံ၏ ရေရှည်လည်ပတ်နိုင်စွမ်း၊ စီးပွားရေးအရ အကျိုးရှိမှုနှင့်ထုတ်ကုန်အရည်အသွေးတို့ကိုတစ်ပြိုင်တည်း မြှင့်တင်သွားကြရန် ဖြစ်ကြောင်း၊ အဆိုပါ ရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်ရန် ပထမလိုအပ်ချက်မှာ ရေနံစိမ်းကုန်ကြမ်း လုံလောက်စွာရရှိရေးပင်ဖြစ်ကြောင်း၊ စက်ရုံစွမ်းရည်မည်မျှပင်မြင့်မြင့် ကုန်ကြမ်းမလုံလောက်ပါက သတ်မှတ်ထားသည့် ထုတ်လုပ်မှု ရည်မှန်းချက်များကို မပြည့်မီနိုင်သောကြောင့် ပြည်တွင်းရေနံထုတ်လုပ်မှုတိုးမြှင့်ရေး၊ ရရှိနိုင်သည့် ရေနံစိမ်းများကို ထိရောက်စွာ အသုံးချနိုင်ရေးနှင့် လိုအပ်သည့် ကုန်ကြမ်းများကို စဉ်ဆက်မပြတ် ရရှိနိုင်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းမှ ထုတ်လုပ်သည့်ရေနံစိမ်းနှင့် ပြည်ပမှ ရရှိနိုင်သည့် ကုန်ကြမ်းများကို ပေါင်းစပ်စီမံခန့်ခွဲပြီး စက်ရုံများ၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် စီစဉ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှု တိုးမြှင့်နိုင်ရုံဖြင့် ပြည်သူများအတွက် အကျိုးကျေးဇူး အပြည့်အဝရရှိမည် မဟုတ်ကြောင်း၊ ထုတ်ကုန်များကို အချိန်မီနှင့် ထိရောက်စွာ ဖြန့်ဖြူးပေးနိုင်ရန်၊ ကုန်ကျစရိတ်များကိုလည်း ထိန်းချုပ်နိုင်ရန် အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပြည်တွင်း၌ စက်သုံးဆီ ထုတ်လုပ်မှု တိုးမြှင့်ရခြင်းသည် ပြည်ပမှတင်သွင်းမှုကို အစားထိုးနိုင်ရန် တစ်ခုတည်းအတွက် မဟုတ်ကြောင်း၊ နိုင်ငံခြားငွေ သုံးစွဲမှုကို လျှော့ချနိုင်ရန် ပြည်တွင်း ကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် လိုအပ်သည့်စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက်ရေရှည်တည်တံ့သည့် စီးပွားရေး အကျိုးအမြတ်များရရှိစေရန်လည်း ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါရည်မှန်းချက်များ အမှန်တကယ်အောင်မြင်ရန် အတွက် ကုန်ကြမ်းဝယ်ယူမှုမှ စတင်ပြီး ရေနံချက်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုအထိ အဆင့်ဆင့်တိုင်းတွင် ကုန်ကျစရိတ်များကို ခြုံငုံသုံးသပ်ပြီး ထိရောက်စွာ စီမံခန့်ခွဲသွားကြရန် လိုအပ်ကြောင်း။

စွမ်းအင်လုံခြုံမှုရှိစေရန် ပြည်ပမှ စွမ်းအင်နှင့် ကုန်ကြမ်းများကို အလွန်အမင်း မှီခိုနေရခြင်းကို လျှော့ချရန် လိုအပ်ကြောင်း၊ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို သင့်လျော်သလို ပေါင်းစပ်အသုံးပြုရန်၊ စွမ်းအင် သိုလှောင်နိုင်မှုနှင့် အရေးပေါ် အခြေအနေများတွင် ထိရောက်စွာ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ရန်လည်း လိုအပ်ကြောင်း၊ တစ်ချိန်တည်း၌ပင် စွမ်းအင်ကို အလေအလွင့် မရှိဘဲ ထိရောက်စွာ အသုံးပြုနိုင်ရေးကိုလည်း ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ကမ္ဘာ့စွမ်းအင် ကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက နည်းပညာနှင့် ဈေးကွက်အခြေအနေများသည် အလျင်အမြန်ပြောင်းလဲတိုးတက်လျက် ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်ရှိစွမ်းအင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေရှည်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ခုစလုံးကို ဟန်ချက်ညီညီ စဉ်းစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ စွမ်းအင် အရင်းအမြစ်များကိုလည်း ထိရောက်စွာ အသုံးချသွားရမည်ဖြစ်သကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုရေး၊ စွမ်းအင်ချွေတာရေးနှင့် နည်းပညာအသစ်များ ဖော်ထုတ်အသုံးချရေးတို့ကိုလည်း တစ်ပြိုင်နက်တည်း အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ခေတ်မီရေနံချက်စက်ရုံတစ်ရုံ ရေရှည်အောင်မြင်ရန်အတွက် စက်ပစ္စည်းနှင့် နည်းပညာများ ခေတ်မီရုံဖြင့် မလုံလောက်ဘဲ အဆိုပါနည်းပညာများကို ထိထိရောက်ရောက် အသုံးချနိုင်သည့် ပြည်တွင်းပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများရှိရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

* ကမ္ဘာ့စွမ်းအင်ကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက နည်းပညာနှင့် ဈေးကွက်အခြေအနေများသည် အလျင်အမြန်ပြောင်းလဲတိုးတက်လျက်ရှိနေ၊ မိမိတို့အနေဖြင့် လက်ရှိစွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေရှည်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ခုစလုံးကို ဟန်ချက်ညီညီ စဉ်းစားဆောင်ရွက်သွားရန် လိုအပ်

* ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ စွမ်းအင်အရင်းအမြစ်များကိုလည်း ထိရောက်စွာ အသုံးချသွားရမည်ဖြစ်သကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုရေး၊ စွမ်းအင်ချွေတာရေးနှင့် နည်းပညာအသစ်များ ဖော်ထုတ်အသုံးချရေးတို့ကိုလည်း တစ်ပြိုင်နက်တည်း အလေးထား ဆောင်ရွက်သွားကြရမည်

အလားတူ ဒစ်ဂျစ်တယ်စနစ်များ၊ အလိုအလျောက်ထိန်းချုပ်မှုစနစ်များနှင့် ဉာဏ်ရည်တု (AI) နည်းပညာများကိုလည်း လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသည့် နေရာများတွင် အသုံးချသွားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် စက်ပစ္စည်းများ မချို့ယွင်းမီ ကြိုတင်ခန့်မှန်းနိုင်ရန်၊ စွမ်းအင်ကို ထိရောက်စွာ အသုံးပြုနိုင်ရန်၊ ထုတ်လုပ်မှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ရန်နှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်ဖော်ထုတ်နိုင်ရန် နည်းပညာများကို လက်တွေ့ အကျိုးရလဒ်ရရှိအောင် အသုံးချသွားကြရမည်ဖြစ်ကြောင်း။

တစ်ချိန်တည်း၌ပင် ရေနံချက်လုပ်ငန်းသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသည့် စက်မှုလုပ်ငန်းတစ်ခု ဖြစ်သည့်အတွက် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံလည်ပတ်မှု အဆင့်တိုင်း၌ အန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်စိစစ်ရန်၊ မီးဘေးနှင့် အရေးပေါ်အခြေအနေများအတွက် အသင့်ပြင်ဆင်ထားရန်၊ စက်ပစ္စည်းများကို ပုံမှန် စစ်ဆေးထိန်းသိမ်းရန်နှင့် ရေဆိုး၊ လေထု ညစ်ညမ်းမှုများကို ထိန်းချုပ်ရန် စနစ်တကျဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယင်းတို့သည် လုပ်ငန်းကို ရေရှည်တည်တံ့ပြီး ဘေးကင်းလုံခြုံစွာ လည်ပတ်နိုင်ရန် မဖြစ်မနေလိုအပ်သည့် အခြေခံအချက်များဖြစ်ကြောင်း။

ထုတ်လုပ်မှု ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရာတွင်လည်း ဘေးကင်းလုံခြုံရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို အလျှော့ပေး၍မရကြောင်း၊ ထို့ကြောင့် ဝန်ထမ်းတစ်ဦးချင်းစီအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာကြရန်လိုအပ်ကြောင်း၊ ထို့အပြင် အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေများကိုလည်း အချိန်မီ သတင်းပို့တင်ပြနိုင်သည့် လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ရပ်ကို အားလုံးဝိုင်းဝန်း တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် ရေနံချက် စက်ရုံသစ်သည် ပြည်တွင်း ရေနံချက်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ယင်း အောင်မြင်မှုကို အခြေခံပြီး နောက်ဆက်တွဲစီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် စီးပွားရေးအရ အကျိုးရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီမံကိန်း တည်ဆောက်ရေးနှင့် လည်ပတ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ Thanlyin Refinery Company နှင့် မိတ်ဖက်ကုမ္ပဏီများမှ ပညာရှင်များနှင့် လုပ်သားများအားလုံး၏ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု ချီးကျူးလိုပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ကြမည့် စီမံကိန်းအဆင့်များကိုလည်း ယခုကဲ့သို့ပင် စည်းစည်းလုံးလုံး၊ တာဝန်ယူမှုရှိရှိဖြင့် မိမိတို့၏ ကျွမ်းကျင်မှုများကို အပြည့်အဝ အသုံးချပြီး အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းလိုကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကုန်ထုတ်လုပ်မှုနှင့် ပြည်သူများ၏ နေ့စဉ်လူမှုဘဝအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် စွမ်းအင်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ရေး၊ ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှုရှိရေး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေနံချက်လုပ်ရေးနှင့်

စာမျက်နှာ ၆ သို့ ☆



သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) ကို တွေ့ရစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားနိုင်မည့်အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘူတာယာဒ်ဝင်းရှိ မီးရထားလမ်းအား သံလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှည့်လည်၍ မြန်မာ့ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှု အခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည့် အခြေအနေများအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သီလဝါမီးရထားဘူတာရုံ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြထွန်းဦးက လက်ရှိတိုးကြောင်ကလေး - သီလဝါရထားလမ်းပိုင်း၏ လမ်းပိုင်းဆိုင်ရာအချက်အလက်များ၊ တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းအား ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး အပိုင်းအလိုက် တိုင်းတာမှုများ ပြုလုပ်ပြီး လုပ်ငန်းများလျာထား ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ သန်လျင်တံတား အမှတ်(၁)၏ တံတားဆိုင်ရာ အချက်အလက်များ၊ သီလဝါဘူတာယာဒ်ဝင်းများသို့ ဒွေးလမ်းများဝင်ရောက်မည့်ပုံစံနှင့် သီလဝါယာဒ်ဝင်း တိုးချဲ့မည့် အဆိုပြုပုံစံများ၊ လက်ရှိ တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင် ပြုပြင်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံရှိ အဓိက ဆိပ်ကမ်းကြီးများအနက်မှ တစ်ခုဖြစ်ပြီး သီလဝါဆိပ်ကမ်းနှင့် စက်မှုဇုန်တို့မှ ကုန်ပစ္စည်းများအား ပိုမိုလွယ်ကူ လျင်မြန်ချောမွေ့စွာ၊ ကုန်ကျစရိတ် သက်သာစွာဖြင့် ဖြန့်ဖြူးနိုင်ရေး တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းအား ဒွေးလမ်းအဖြစ်အဆင့်မြှင့်တင် ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း၊ ဒွေးလမ်းဖောက်လုပ်မည့် လျာထားလမ်းကြောင်း တစ်လျှောက်အား မြေပြင်ကွင်းဆင်း စစ်ဆေးတိုင်းတာတွက်ချက်၍ လမ်းကွေ့နေရာများ၊ ဆင်ခြေလျှောနေရာများ၊ တံတားနေရာများ၌ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ သီလဝါဘူတာမှ သီလဝါဆိပ်ကမ်းဝင်းအတွင်းသို့လည်း ရထားလမ်းတိုးချဲ့ ဖောက်လုပ်ရန်နှင့် တိုးချဲ့မည့် ဒွေးလမ်း လမ်းကြောင်းတစ်လျှောက် ကြိုတင်ဆောင်ရွက်နိုင်သည့် မြေနေရာရှင်းလင်းခြင်းနှင့် မြေကြီးလုပ်ငန်းများ၊ တံတားလုပ်ငန်းများနှင့် ကျောက်ထုတ်လုပ်ငန်းများကို ကနဦးဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးအတွက်လည်း ယခုကတည်းက ကြိုတင်တွက်ချက် လျာထား စဉ်းစားဆောင်ရွက်ရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သီလဝါဘူတာယာဒ်ဝင်းရှိ မီးရထားလမ်းအား သံလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း(MITT) သို့ ရောက်ရှိရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ နောက်ခံသမိုင်းကြောင်း၊ မူဝါဒနှင့်လုပ်ငန်းတာဝန်များ၊ ကမ်းရိုးတန်းအရှည် ၁၂၆၀ ရေမိုင်ရှိ မြန်မာ့ဆိပ်ကမ်းများ၊ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်ရေး (Maritime Trade) ဆောင်ရွက်နိုင်မှုနှင့် အကျိုးအမြတ်ရရှိမှုများ၊ နှစ်အလိုက် ဆိပ်ကမ်းတံတားများ တိုးတက်လာမှု၊ ရန်ကုန်မြို့ ဆိပ်ကမ်းဧရိယာအတွင်းရှိ ဆိပ်ကမ်းတံတားများ၊ သီလဝါအပြင် ဆိပ်ကမ်းဧရိယာရှိ ဆိပ်ကမ်းတံတားများ၊ ရန်ကုန်ဆိပ်ကမ်း၏ နှစ်စဉ်ကုန်စည်ကိုင်တွယ်နိုင်စွမ်းများ၊ ရန်ကုန်-ဒလတံတားစီမံကိန်းတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ဆောင်ရွက်မှု၊ ပို့ကုန်မြှင့်တင်ရေး မူဝါဒနှင့်အညီ ပင်လယ်ရေကြောင်း ဖြင့် ကုန်သွယ်မှုကို အားပေး မြှင့်တင်လျက်ရှိမှု၊ ပင်လယ် ရေကြောင်း ကုန်သွယ်မှုအတွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်း ဝန်ဆောင်မှု လုပ်ငန်းများ၊ အထွေထွေ ကုန်စည်တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်မည့် အစီအမံများ၊ ပို့ကုန်မြှင့်တင်ရေး မူဝါဒနှင့်အညီ ပင်လယ်ရေကြောင်း ဖြင့် ကုန်သွယ်မှုကို အားပေး မြှင့်တင်လျက်ရှိမှု၊ မိုးရာသီနှင့် ပွင့်လင်းရာသီ ကုန်ကိုင်တွယ်ရရှိ မှုအခြေအနေ၊ Transshipment လုပ်ငန်းလက်ရှိ ဆောင်ရွက်နေမှု၊ နိုင်ငံဖြတ်သန်း ကုန်သွယ်မှု (Transit Trade)ကို အားပေး မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း ကုန်းတွင်းကုန်သေတ္တာ စခန်းနှင့် ပြည်တွင်းကမ်းရိုးတန်း ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ပို့ကုန်နှစ်ဆ တိုးမြှင့်နိုင်ရေး အတွက် ကြပ်မတ်တွန်းအားပေး ဆောင်ရွက်လျက်ရှိမှု၊ Semi Smart ကုန်သေတ္တာဆိပ်ကမ်း (Pilot Project)စီမံကိန်း လက်တွေ့ အကောင်အထည်ဖော် နိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိမှု၊ ကုန်သေတ္တာ ဆိပ်ကမ်းများ အလိုက် ဒီဂျစ်တယ်နည်းလမ်းဖြင့် ဆောင်ရွက်နေမှု၊ ပြည်ပနိုင်ငံများရှိ ဆိပ်ကမ်းများသို့ သွားရောက်၍ ဆိပ်ကမ်း လုပ်ငန်းများအား လေ့လာ ဆောင်ရွက်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတက ပင်လယ်ဝမှ ဝင်ရောက်သည့် ရေလမ်းကြောင်းများ အမြဲကောင်းမွန်နေစေရေး အတွက် နှစ်စဉ် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန် လိုကြောင်း၊ Smart Semi Port နှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည် ဆိုပါက များစွာအကျိုးဖြစ်ထွန်း စေမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတွင် ကွန်တိန်နာသင်္ဘောများ ဆိုက်ကပ်မှုများ များပြားလာသည့် အချိန်တွင် ကွန်တိန်နာများကို ပိုမို လျင်မြန်စွာဖြင့် ပို့ဆောင်နိုင်ရေး မော်တော်ယာဉ်များဖြင့်သာမက မီးရထားများဖြင့်ပါ ပို့ဆောင် နိုင်ရေး ဒွေးလမ်းအဖြစ် အဆင့် မြှင့်တင် ဆောင်ရွက်စေခြင်းဖြစ် ကြောင်း၊ အလားတူ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ ကွန်တိန်နာ ယာဉ်များ ဝင်ထွက်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာ ဝင်ရောက် ထွက်ခွာနိုင်ရေးအတွက် လမ်းများ အဆင့်မြှင့်တင် တိုးချဲ့ခြင်းနှင့် တံတားများ အဆင့်မြှင့်တင်ခြင်း ကို ဆောင်ရွက်စေခဲ့ခြင်းဖြစ် ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌လည်း ပမ္မဝတီဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက် စေခဲ့ကြောင်း၊ အဆိုပါဆိပ်ကမ်း၌ ပုသိမ်မြစ်တစ်လျှောက်မှ ဝင်ရောက် လာသည့် တန်ချိန် ၂ သောင်းမှ ၃ သောင်းအထိ တင်ဆောင်နိုင်သော သင်္ဘောကြီးများ ဝင်ရောက် ဆိုက်ကပ်နိုင်ကြောင်း၊ ဧရာဝတီ တိုင်းဒေသကြီးမှ ထွက်ရှိသည့် ဆန်များနှင့် ကုန်ပစ္စည်းများကို သင်္ဘောများဖြင့် ပြည်တွင်း၊ ပြည်ပ သို့ တင်ပို့နိုင်ပြီး ဧရာဝတီ တိုင်းဒေသကြီးအတွက် လိုအပ် သည့် ကုန်ပစ္စည်းများကိုလည်း သင်္ဘောများဖြင့် တင်ပို့နိုင်ကြောင်း။

ဆိပ်ကမ်းများတွင် သီလဝါ ဆိပ်ကမ်းသည် မိမိတို့နိုင်ငံ အတွက် အရေးပါသည့် ဆိပ်ကမ်း တစ်ခုဖြစ်ပြီး ကုန်စည်များသယ်ယူ ပို့ဆောင်ရန်အတွက် ပိုမို အဆင်ပြေသည့် ဆိပ်ကမ်းတစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်း လုပ်ငန်းများ တိုးတက်လာစေရေး ကြိုးပမ်း ဆောင်ရွက်သွားကြစေ လိုကြောင်း။

ထားဝယ်ရေနက် ဆိပ်ကမ်းနှင့် ပတ်သက်၍ အာဆီယံတောင်ပိုင်း ကုန်းတွင်းလမ်းကို တည်ဆောက် နိုင်ရန်အတွက် အချို့နိုင်ငံများ ကလည်း စိတ်ပါဝင်စားမှုရှိသည် ကို သိရှိရကြောင်း၊ မြိတ်နှင့် ကော့သောင်းတို့တွင် ကော့သောင်း သည် နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုများကို ဆောင်ရွက် နိုင်ကြောင်း၊ ခရီးသွားလုပ်ငန်း များ ဆောင်ရွက်ရန်အတွက် ကော့သောင်းဒေသကို စဉ်းစား ဆောင်ရွက်သွားရန် လိုကြောင်း၊ ပုသိမ်၊ ရန်ကုန်၊ ထားဝယ်တို့ရှိ ဆိပ်ကမ်းများသည် အနာဂတ် ကာလတွင် မိမိတို့နိုင်ငံ၏ အဓိက ဆိပ်ကမ်းများဖြစ်လာမည် ဖြစ် ကြောင်း၊ ထားဝယ်ဆိပ်ကမ်းအား




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း(MITT) ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၆ သို့

☆ စာမျက်နှာ ၄ မှ

ရေနံဓာတုဗေဒကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မှုနှင့် ရေရှည်အကျိုးရှိမှုကို အဓိကထားပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိသည့်ရလဒ်များ ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **“နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေးအထိ”** ဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် စွမ်းအင်ဖူလုံရေး၊ စွမ်းအင်လုံခြုံရေးနှင့် ရေရှည်တည်တံ့သည့် စွမ်းအင်ဖွံ့ဖြိုးရေးတို့ကို အခြေခံပြီး လုပ်ငန်းစဉ်တစ်ခုချင်းစီကို စနစ်တကျ၊ အစီအစဉ်တကျဖြင့် ခိုင်ခိုင်မာမာ ဆက်လက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၈၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

**ပြည်ထောင်စုဝန်ကြီးပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်အား ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန် ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၈၂ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် — ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန

( ၂ ) ဒေါက်တာ ကိုကိုလွင် — ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

### ရှင်းလင်းတင်ပြ

ဝန်ထမ်းများအားလုံး၏ စုစည်းညီညွတ်သည့် အင်အား၊ တာဝန်ယူမှု၊ ဆန်းသစ်တီထွင်လိုစိတ်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက်အကျိုးရှိသည့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေရန်နှင့် **“စွမ်းအင်ပြည့်ဖြိုး နိုင်ငံ့အကျိုး”** ဟူသော ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဖြည့်ဆည်း ဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) အကောင်အထည် ဖော်တည်ဆောက်ခဲ့မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ် စက်ရုံပုံစံငယ်အား ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁)အောင်မြင်စွာ အကောင်အထည်ဖော် တည်ဆောက်ခဲ့သည့် ပညာရှင်များအား အမှတ်တရဂုဏ်ပြုသစ်သီးခြင်း လက်ဆောင်ကို ပေးအပ်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သန်လျင်ရေနံချက်စက်ရုံအပိုင်း(၂) တည်ဆောက်မည့်နေရာသို့ သွားရောက်ကြပြီး သန်လျင်ရေနံချက်စက်ရုံ အပိုင်း (၂) တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ အပိုင်း(၂)အား ဆက်လက် အကောင်အထည်ဖော် တည်ဆောက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် စွမ်းအင်ပြတိုက် (Energy Museum) အတွင်း ပြသထားသည့် မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု သမိုင်းကြောင်းဆိုင်ရာပြကွက်များနှင့် ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✪ စာမျက်နှာ ၅ မှ

နိုင်ငံတကာအတွက် ကုန်ပစ္စည်းများ Transit လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့ရှိ ဆိပ်ကမ်းများသည် မိမိတို့ပြည်တွင်း ကုန်စည်ပို့ဆောင်ရေးများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းလုပ်ငန်းများ အဆင်ပြေစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ရွာသာကြီး ကုန်းတွင်းဆိပ်ကမ်း (Dry port) သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွာသာကြီး ဘူတာယာဒ်ဝင်း တည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ၊ ကုန်းတွင်းဆိပ်ကမ်း (Dry Port) ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရွာသာကြီး-မြစ်ငယ်-ရွာသာကြီး ကုန်သေတ္တာရထားပြေးဆွဲမှု အခြေအနေများ၊ ရွာသာကြီးဘူတာအဝင်လမ်းဘေး မီးရထားပိုင်မြေနေရာ နယ်နိမိတ်အား ခြံစည်းရိုးကာရံပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များမေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေနေရာများကို အကျိုးရှိရှိဖြင့် ကျစ်ကျစ်လျစ်လျစ် အသုံးချနိုင်ရေး စနစ်တကျ တွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးထားသည့် မြေနေရာများကိုလည်း ခွင့်ပြုပေးထားသည့် လုပ်ငန်းရပ်များနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် အသုံးချသွားနိုင်ရေး ကြပ်မတ် ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကုန်းတွင်းဆိပ်ကမ်း(Dry Port) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✦ မိုင်းယောင်းမှ

ထို့နောက် ကွင်းအမှတ်-၈၈/၃ တောင်သူ ဦးနွဲ့အောင်၏ ရေဆင်းပေါ်ဆန်း-၁ တစ်ဧက စိုက်ခင်းအား စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုထွက် ၁၂၁ တင်း၊ အခြောက်ထွက် ၁၀၄ တင်း ထွက်ရှိကြောင်း သိရသည်။ ဝေဝေခိုင်(ပြန်/ဆက်)

## အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၁၄**

အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၃)အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ ချယ်ရီစုပါစီမံခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်နီနီဆွေက အပူဒဏ်အန္တရာယ်များအကြောင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် လက္ခဏာများနှင့် ကြိုတင်ကာကွယ်နေထိုင်နည်းများကို ဟောပြောသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (၀၆၉)

## (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

(၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့တွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် ကျောက်စိမ်းအတွဲ အမှတ် ၅၅၁ မှ ၁၁၀၀ အထိ အတွဲပေါင်း ၅၅၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၆၃ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ အောင်စာရင်း ထုတ်ပြန်ကြေညာနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲအမှတ် ၁၁၀၁ မှ ၁၆၀၅ အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြပြီး တင်ဒါပုံးများကို ညနေ ၅ နာရီတွင် ပိတ်သိမ်း၍ တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၅ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့အောင် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## နဝမအကျော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေးအတွက် အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု

နေပြည်တော် အောက်တိုဘာ ၁၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

အစည်းအဝေးတွင်ပြည်ထောင်စု လွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယ အကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမ နေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၃ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၁၈ ရာခိုင်နှုန်း ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဖြစ် အစားထိုးခန့်အပ်တာဝန်ပေးမည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒေါက်တာ ကိုကိုလွင်တို့ကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း တင်သွင်းထားမှုအပေါ် ကန့်ကွက်သူမရှိသည့် အတွက် ပြည်ထောင်စု လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အား ဆက်လက် အတည်ဖြစ်စေရေး လွှတ်တော်၏ သဘောတူညီချက် ရယူရန်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ ဆက်လက်အတည်ဖြစ်သည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည် ဖြစ်သော်လည်း အဆိုပါအမိန့်ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် ၅၈ မြို့နယ်တွင် အုပ်ချုပ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ အရေးပေါ်အခြေအနေ ကြေညာခြင်း အတည်ဖြစ်သည့်ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ(ဃ)တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို လိုအပ်သော ကာလအပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ ဆက်လက် အတည်ဖြစ်သည့်ကာလ တိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စု လွှတ်တော်က သဘောတူပေးနိုင်ရေး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယား ဘုရင့်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်း တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၉) ဒေါ်သိင်္ဂီဝင်းရွှေက သဘောတူစာချုပ်၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်မှာ အခွန်ရှောင်တိမ်းမှုနှင့် အခွန်ဆိုင်ရာမသမာမှုများကို ကာကွယ်တားဆီးရေးဖြစ်ပါကြောင်း၊ အခွန်စနစ်တွင် တရားမျှတမှုရှိရန် လိုအပ်သလို အခွန်ထမ်းသူ၏ တရားဝင်အခွင့်အရေးကို ကာကွယ်ပေးရမည်ဖြစ်ပြီး အခွန်ဥပဒေကို မသမာစွာ အလွဲသုံးစား ပြုခြင်းကိုလည်း ထိရောက်စွာ ကာကွယ်တားဆီးရမည်ဖြစ်ပါကြောင်း၊ ဤသဘောတူစာချုပ်သည် အခွန်သက်သာခွင့်ပေးသည့် စာချုပ်တစ်ခုသာမက အခွန်ကောက်ခံခွင့်ကို မျှတစွာ ခွဲဝေသတ်မှတ်ပေးသည့် စာချုပ်လည်းဖြစ်သောကြောင့် နှစ်နိုင်ငံလုံးအတွက် စီးပွားရေးယုံကြည်မှု တိုးတက်ခြင်း၊ လုပ်ငန်းကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှု တိုးတက်ခြင်း၊ ဒေသတွင်းစီးပွားရေး ဆက်ဆံမှု တိုးတက်ခြင်း စသည့် အကျိုးကျေးဇူးများကို မျှော်မှန်းနိုင်ပါကြောင်း၊ နိုင်ငံတကာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံရေးကို ပိုမိုတိုးတက်စေနိုင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကောင်းစွာဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ် ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှု ကာကွယ်တားဆီးရေး သဘောတူစာချုပ် (Double Taxation Agreement–DTA) ချုပ်ဆိုခြင်းသည် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများကို အခွန်လျှော့ပေးရန် သက်သက်မဟုတ်ဘဲ အခွန်သက်သာမှုနှင့် နိုင်ငံတော်အခွန်ဝင်ငွေမလျော့ကျစေရေး နှစ်ခုကို ချိန်ညှိပြီး လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာပါက နိုင်ငံခြားငွေရရှိမှုနှင့် စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် အထောက်အကူဖြစ်စေသော နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအားကာကွယ်တားဆီးရေး သဘောတူစာချုပ်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက အခွန်ဝင်ငွေဆိုသည်မှာ နိုင်ငံ၏ အသက်သွေးကြော ဖြစ်သော်လည်း အခွန်နှစ်ထပ်စနစ်ကြောင့် အလုပ်လုပ်သူများတွင် တစ်ဦးချင်းဝင်ငွေ သိသိသာသာ လျော့နည်းလာခြင်း၊ မိသားစုထောက်ပံ့နိုင်မှု ကျဆင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုအား လျော့လာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများဖြစ်လာစေပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်လာစေကြောင်း၊ ထို့မျှမက အခွန်နှစ်ထပ်ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအပေါ် ဆိုးကျိုးများ ပေါ်ပေါက်လာစေပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးရခြင်း၊ ငွေလွှဲပြောင်းမှု ပမာဏ နည်းသွားခြင်း၊ တရားမဝင် ငွေကြေးလည်ပတ်မှု ကြီးမားလာခြင်း၊ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကျဆင်းခြင်း၊ အခွန်စည်းကြပ်မှု ကုန်ကျစရိတ်တိုးလာခြင်းများကြောင့် နိုင်ငံ့စီးပွားသည် ရှေ့သို့မရောက်ဘဲ ရပ်တန့်သွားတတ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အခွန်နှစ်ထပ်စနစ်ကို ရှောင်ရှား၍ ဝင်ငွေခွန်ကို နှစ်ကြိမ်မပေးဆောင်စေရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အချိုးညီ အထောက်အကူ ပြုစေသည်ဟု ယူဆပါကြောင်းနှင့် အခွန်နှစ်ထပ်စနစ်ဖြင့် ဝင်ငွေခွန်နှစ်ကြိမ်၊ နှစ်နေရာ မကျခံစေရေးအပေါ် လေးလေးနက်နက် ကြိုဆိုသလို အခွန်တိမ်းရှောင်မှု မပြုရေး စာချုပ်ကိုလည်း ခြွင်းချက်မရှိ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုထားသည့် "ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်" သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်မှုရှိသော စီးပွားရေးနှင့် အခွန်စနစ်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံဖြတ်ကျော်စီးပွားရေးလုပ်ငန်းများသည် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်လာစေခြင်း၊ အခွန်ဌာနများအကြား သတင်းအချက်အလက် ဖလှယ်မှုများ တိုးတက်လာပြီး အခွန်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်သဖြင့် အခွန်လိုက်နာမှု မြင့်မားလာစေခြင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း။

လွှတ်တော်က အတည်ပြုပြီးပါက စာချုပ်အပိုဒ် ၃၀၊ အပိုဒ်ခွဲ (၁) အရ စာချုပ်ဝင်နိုင်ငံအချင်းချင်း သက်ဆိုင်ရာဥပဒေအရ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အသိပေးအကြောင်းကြားစာ (Instrument of Notification)ကို အပြန်အလှန် ပေးပို့ကြမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးနိုင်ရေးနှင့် အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရေး အတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာခြင်းနှင့် ပြည်တွင်း အခွန်များဦးစီးဌာန ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါသဘောတူစာချုပ် အကျိုးသက်ရောက်စေရေး ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၉ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြည်ထောင်စု လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နဝမအကျော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေးအတွက် အတည်ပြု စာချွန်လွှာအား အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီ တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးက အဆိုပါ စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး သံတမန်နည်းလမ်းဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ပါက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြေလျှော့ပေးရေးဆိုင်ရာ ကိစ္စရပ်များကို အပြီးသတ် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးရှိ အထောက်အကူ ပြုစေနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံ ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအရ နဝမအကျော့ အာဆီယံ ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူစာချုပ်အသက်ဝင်ရေး အတည်ပြု စာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေး ပြည်ထောင်စု လွှတ်တော်မှ အတည်ပြု ပေးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

စာမျက်နှာ ၈ သို့

☆ စာမျက်နှာ ၇ မှ

တောင်တွင်းကြီး မဲဆန္ဒနယ်မှ **ဒေါက်တာကျော်ဆွေက** သဝဏ်လွှာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကျိုးရှိနိုင်ကြောင်း ဖော်ပြထားသော်လည်း မျှော်မှန်းထားသည့် အကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝရရှိနိုင်ရန်၊ ကတိကဝတ်များ၊ ဖြေလျှော့မှုအတိုင်းအတာ၊ အကျိုးကျေးဇူးနှင့် အန္တရာယ်များကို သိရှိထားရန် လိုအပ်ပါကြောင်း၊ အကျိုးကျေးဇူးများကိုသာ သိပြီး ကတိကဝတ်များ၏ အတိုင်းအတာကိုမသိခြင်း၊ ဖြေလျှော့ပေးရမည့်အချက်များကို မသိဘဲ အတည်ပြုခြင်းသည် နိုင်ငံ၏ ရေရှည်ဘဏ္ဍာရေးအကျိုးစီးပွားနှင့် ဆက်စပ်နေသည့် ဆုံးဖြတ်ချက်တစ်ခုအတွက် လုံလောက်သည့် အခြေခံမဟုတ်ပါကြောင်း၊ အကျိုးကျေးဇူးများ ရရှိနိုင်မည်ဟူသော မျှော်မှန်းချက်တစ်ခုတည်းဖြင့် မိမိတို့နိုင်ငံက မည်သည့် ကတိကဝတ်များကို လက်ခံထားသည်၊ မည်သည့် အတိုင်းအတာအထိ ဖြေလျှော့ပေးရမည်ဆိုသည်ကို မသိရှိဘဲ အတည်ပြုဆုံးဖြတ်ရန် မသင့်လျော်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံအနေဖြင့် သဘောတူစာချုပ်နှင့် နောက်ဆက်တွဲများကို အသက်ဝင်စေရန် ပြည်တွင်းအတည်ပြုရေးလုပ်ငန်းစဉ်များကို စာချုပ်လက်မှတ်ရေးထိုးသည့် နေ့မှ ရက်ပေါင်း(၁၈၀)အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က အတည်ပြုစာချွန်လွှာ လက်ခံရရှိကြောင်း အခြားအဖွဲ့ဝင်များထံ အကြောင်းကြားစာပေးပို့သည့်နေ့၏ နောက်တစ်ရက်မှစ၍ စာချုပ် အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း။

အာဆီယံ ဝန်ဆောင်မှုဆိုင်ရာ မူဘောင် သဘောတူစာချုပ်အရ အဖွဲ့ဝင်နိုင်ငံများ အကြား ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ကန့်သတ်ချက်များကို ဖယ်ရှားရန် ဖြစ်ပါကြောင်း၊ နဝမအကျော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အာမခံလုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်လုပ်ငန်းနှင့် အခြား ငွေရေးကြေးရေး ဝန်ဆောင်မှုကဏ္ဍခွဲများကိုလည်းကောင်း ဖြေလျှော့ပေးမည်ဖြစ်ပါကြောင်း။

သဘောတူညီချက်ပါ ဖြေလျှော့မှုဇယား(SOC)ကို ပြည်တွင်း ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ပြင်ဆင် အကောင်အထည်ဖော်ခဲ့ရာတွင် ပြည်တွင်း၌ နိုင်ငံခြားရာနှုန်းပြည့် အသက်အာမခံကုမ္ပဏီ(၅)ခု၊ ဖက်စပ်အသက် အာမခံ ကုမ္ပဏီ(၃)ခု၊ ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ(၃)ခု စုစုပေါင်း ၁၁ ခုကို လိုင်စင်ပေးအပ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံး (၂၇)ခုကိုလည်း ဖွင့်လှစ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် ငွေကြေးလွှဲပြောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေလာခြင်း၊ နိုင်ငံခြားဘဏ်ခွဲများက မတည်ရင်းနှီးငွေများ ယူဆောင်လာခြင်းဖြင့် နိုင်ငံခြားငွေ စီးဝင်မှုကို အထောက်အကူပြုခြင်းနှင့် စီမံကိန်းဘဏ္ဍာငွေများ ရရှိနိုင်ခြင်း၊ ပြည်တွင်းဘဏ်များက အဆင့်မြင့်နည်းပညာ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ဒီဂျစ်တယ်ဘဏ်လုပ်ငန်းများကို လေ့လာသင်ယူခွင့်ရရှိကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နှစ်နိုင်ငံသုံး ငွေကြေးဖြင့် တိုက်ရိုက်ပေးချေမှုများ ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှု တိုးတက်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ကာ အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

အာဆီယံဘဏ္ဍာရေး ဝန်ကြီးများ လက်မှတ်ရေးထိုးထားပြီးဖြစ်သော အဆိုပါ သဘောတူညီချက် အသက်ဝင်နိုင်ရေးအတွက် စီးပွားရေးရာ ကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက လက်မှတ်ရေးထိုး၍ သံတမန်လမ်းကြောင်းဖြင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အတည်ပြုစာချွန်လွှာ (Instrument of Ratification) ပေးပို့နိုင်ရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၉ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ (က) တို့နှင့်အညီ ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးပါရန် ပြန်လည် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် နိုင်ငံတော်သမ္မတမှ ပေးပို့ထားသော ဘယ်လာရုစ်သမ္မတနိုင်ငံ၊ DBRB နှင့် Belinvestbank JSC တို့မှ ပို့ကုန်ချေးငွေရယူရေး ကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံခြားငွေဖြင့် ချေးငွေရယူရာတွင် နိုင်ငံခြားငွေ လဲလှယ်နှုန်းကြောင့် ဆုံးရှုံးနိုင်ခြေ (Exchange Rate Risk)နှင့် အတိုးနှုန်း ပြောင်းလဲမှုကြောင့် ဆုံးရှုံးနိုင်ခြေ (Interest Rate Risk) များကို ကြုံတွေ့နိုင်သဖြင့် Exchange Rate Risk အနည်းဆုံးဖြစ်စေရန်အတွက် ငွေကြေးအမျိုးအစားခိုင်မာမှု၊ သက်ဆိုင်ရာ အခြေခံအတိုးနှုန်းနှင့် ပြန်ဆပ်ကာလတို့ကို စိစစ်အကဲဖြတ်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေ သက်တမ်းမှာ အများဆုံးငါးနှစ်ဖြစ်၍ ကာလတိုချေးငွေဖြစ်သဖြင့် ဈေးကွက်ပြောင်းလဲမှုကြောင့် သက်ရောက်မှုလျော့နည်းနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံပိုင်ဘဏ်(၃)ဘဏ် (မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)နှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Banking Arrangement) များကို ၂၀၂၅ ခုနှစ် နိုဝင်ဘာနှင့် ၂၀၂၆ ခုနှစ် မေလတို့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဘဏ်စာရင်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပို့ကုန်ချေးငွေကို နိုင်ငံခြားငွေကြေး အမျိုးအစား(၅)မျိုးဖြင့် ရယူနိုင်သဖြင့် Sanction အကျုံးမဝင်သည့် နိုင်ငံခြားငွေကြေးအမျိုးအစားနှင့် သင့်လျော်သော ငွေပေးချေမှု လမ်းကြောင်းကို ကြိုတင်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ ပေးအပ်မည့် ပို့ကုန်ချေးငွေဖြင့် ဝယ်ယူမည့် ပစ္စည်းနှင့်ဝန်ဆောင်မှုများသည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ပြီး အများပြည်သူအတွက် အကျိုးရှိထိရောက်မှုရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ စိစစ်ရွေးချယ် အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း။

ပို့ကုန်ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်များ (Basic Agreement)ကို လက်မှတ်ရေးထိုးပြီးဖြစ်ရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၉ နှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ်နှိပ်မဲခွဲရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေး ကိစ္စနှင့်စပ်လျဉ်း၍ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ငွေချေးယူခြင်းမှာ သီးခြားစီမံကိန်းတစ်ခုအတွက် ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်၍ ချေးယူခြင်းမျိုး မဟုတ်ဘဲ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု အစိုးရအပ်ငွေ စာရင်းတွင် ဖြစ်ပေါ်လာသည့် လိုငွေကို ဖြည့်ဆည်းရန်အတွက် ချေးယူခြင်း ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချေးယူရန် လျာထားငွေကျပ် ၂၁၀၀ ဘီလီယံမှာ အသားတင် ချေးယူငွေ ဖြစ်ပါကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူထားခြင်း မရှိသေးပါကြောင်း၊ အဆိုပါ ကျပ် ၂၁၀၀ ဘီလီယံသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန် လျာထားသည့်ပမာဏ ဖြစ်ပါကြောင်း။ အဆိုပါပမာဏကို မဖြစ်မနေ အပြည့်အဝ အသုံးပြုရမည်ဟု ဆိုလိုခြင်း မဟုတ်ပါကြောင်းနှင့် လစဉ် အစိုးရငွေတိုက်လက်မှတ်/အစိုးရ ငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့် ကြိုတင်ရောင်းချဖြည့်ဆည်းပြီးနောက် လကုန်ဆုံး၍ ပြည်ထောင်စုအစိုးရအပ်ငွေ စာရင်းပိတ်ချိန်တွင် လိုငွေ ဖြစ်ပေါ်လာမှသာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ငွေချေးယူမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရ အပ်ငွေ စာရင်း၏ လိုငွေဖြည့်ဆည်းနိုင်ရန် အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၅ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉၁ တို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိရောက်သော အသုံးစရိတ်များဖြစ်စေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေးတို့ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် အစိုးရဌာန/အဖွဲ့အစည်းများကို ကြီးကြပ်ဆောင်ရွက်မည် ဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၃၅/၂၀၁၇)နှင့်အညီ ရငွေများကို ပြည့်မီစေရေး စီမံကြီးကြပ်ကောက်ခံရန် လိုအပ်ပြီး၊ အသုံးစရိတ်များ သုံးစွဲရာတွင် လိုက်နာရမည့် အခြေခံအချက်များ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စုအစိုးရ အဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက် လက်မှတ်များ အာမခံပေး၍ ချေးငွေရယူရန် ကျပ် ၂၁၀၀ ဘီလီယံ လျာထားမှုအပေါ် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

**အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်က** ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အစိုးရငွေတိုက်လက်မှတ်များအပေါ် အတိုးနှုန်း ၄ ရာခိုင်နှုန်းဖြင့် ဗဟိုဘဏ်က ဝယ်ယူသည့် နည်းလမ်းဖြင့် ဖြည့်ဆည်းသွားမည် ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်မည့် အချိန်ဇယားနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ(၉၃)ပါ ပြဋ္ဌာန်းချက်အတိုင်း ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုဘဏ် ချေးငွေကြောင့် ငွေကြေးဖောင်းပွမှု၊ တန်ဖိုးကျဆင်းမှုအပေါ် သတိပြုရန်နှင့် ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒကို ညှိနှိုင်းဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ဗဟိုဘဏ်တွင် ငွေချေးယူမှုကို တစ်နှစ်ထက်တစ်နှစ် လျှော့ချလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းမှုရာခိုင်နှုန်း ၇၀ ဒသမ ၈၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၈၂ ရာခိုင်နှုန်းသို့ သိသိသာသာ လျော့ကျလာခဲ့ပါကြောင်း။

ငွေကြေးဈေးကွက် (Money Market)နှင့်တစ်ဆင့် ပြန်လည်ရောင်းချသည့် ဈေးကွက် (Secondary Market) ဖွံ့ဖြိုးလာသည်နှင့်အမျှ ဗဟိုဘဏ်မှ ငွေချေးရယူမှုကို ပိုမိုလျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေကြေးဖောင်းပွမှုဖိအားများကို လျော့နည်းစေရန် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်အချိုး(CRR) ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပိုလျှံသီးသန့်ငွေအပေါ် အတိုးပေးခြင်းစသည့် ငွေကြေးမူဝါဒများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့်ငွေကြေးမူဝါဒကော်မတီတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးပါဝင်ပြီး လစဉ်အစည်းအဝေးများ ပြုလုပ်ကာ မူဝါဒများကို ဟန်ချက်ညီညီ ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လိုငွေအနက် ခန့်မှန်းချက်အရ ငွေကျပ် ၂၁၀၀ ဘီလီယံအတွင်း လိုအပ်ပါက ဗဟိုဘဏ်မှ အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ(၉၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု လွှတ်တော်က ခွင့်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စု အစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၏ သာမန်ရငွေအပိုင်းတွင် လျာထားချက်နီးပါး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေအပိုင်းတွင် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်းရငွေအပိုင်းတွင် ပြည်ပအကူအညီရငွေဖြင့် လုပ်ငန်းစီမံကိန်းဆောင်ရွက်နိုင်မှု မရှိခဲ့သည့်အတွက် ယင်းအသုံးစရိတ်များနှင့် ဆက်နွှယ်သည့် ပြည်ပအကူအညီရငွေများ လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကြွေးမြီရငွေအပိုင်းတွင် မြီရှင်နိုင်ငံများသို့ ချေးငွေအရင်းပေးဆပ်ရန် ငွေလွှဲပြောင်းနိုင်မှုမရှိသဖြင့် နိုင်ငံတော်မှ စိုက်ထုတ်ပေးချေရမှု မရှိခဲ့သည့်အတွက် သက်ဆိုင်ရာဌာနမှ ပြန်လည်ပေးသွင်းမှုမရှိခဲ့ခြင်း၊ ကိုဗစ်-၁၉ Special Relief Loan နှင့် ကိုဗစ်-၁၉ Fund မှ ထုတ်ချေးငွေတို့ အတွက် နိုင်ငံတော်သို့ အပြည့်အဝ ပြန်လည်ပေးဆပ်မှု မရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ်အပိုင်းတွင် ပြည်ပချေးငွေအပေါ် အတိုးပေးချေမှု လျော့နည်းခဲ့ခြင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးထည့်ဝင်မှု လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက် ပြည့်မီရန် အနည်းငယ်သာ လိုအပ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ် အပိုင်းတွင် နယ်မြေဒေသနှင့် ရာသီဥတု အခြေအနေများအရ အချို့ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခဲ့ခြင်း၊

စာမျက်နှာ ၁၀ သို့ ☆

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

## လမ်းအဆင့်မြှင့်တင်ပေးရေး၊ ဆရာဝန်ခန့်ထားပေးနိုင်ရေး၊ ဆေးတက္ကသိုလ်ဖွင့်လှစ်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးရေး၊ ဆရာဝန်ခန့်ထားပေးနိုင်ရေး၊ ဆေးတက္ကသိုလ်ဖွင့်လှစ်ပေးရေးတို့နှင့် စပ်လျဉ်း၍ **မေးခွန်းငါးခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆိုတစ်ခု** ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပန်းတနော်မဲဆန္ဒနယ်မှ ဦးကျော်မင်းသန်း၏ **ဓနုဖြူမြို့နယ် ကျူတောရီး၊ ကျီးချောင်း၊ ခနောင်ရိုက် ရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဓနုဖြူမြို့နယ် အကျော် - ကျူတောရီး- ကျီးချောင်း ကျေးရွာချင်းဆက် လမ်း အရှည် ၅ မိုင် ၃ ဖာလုံရှိပြီး ကျောက်ခင်းလမ်း ၂ မိုင် ၂ ဖာလုံ နှင့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံ ဖြစ်ပါကြောင်း၊ မြေသားလမ်း ၃ ဖာလုံအား ကျောက်ခင်းလမ်း အဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်းနှင့် ကျန် မြေသားလမ်းအား ကျောက်ခင်း လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍တိုင်းဒေသ ကြီးရန်ပုံငွေတွင် လျာထားပေး သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ချောင်းဦး မဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **ချောင်းဦးမြို့ နတ်ရေကန်-ဘလွေ-ကျောက်ဆစ် ကန်လမ်းမှကျောက်ခင်းလမ်းအား ပြန်လည်ပြုပြင်ပေးရန်နှင့် ကျန်ရှိ သောမြေသားလမ်းအား အဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးသိုက်စိုးက စစ်ကိုင်း တိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန် - ဘလွေ - ကျောက် ဆစ်ကန်လမ်းသည် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသ ကြီးမှ စီမံခန့်ခွဲသော အရှည် ၆ မိုင် ၄ ဖာလုံရှိသော Class A အဆင့်လမ်းဖြစ်ပြီး ပျက်စီးနေ သည့် ကျောက်လမ်း ၂ မိုင် ၃ ဒသမ ၂၈ ဖာလုံအား ပြန်လည်ပြုပြင်ခြင်း နှင့် မြေသားလမ်း ၄ မိုင် သုည ဒသမ ၇၂ ဖာလုံအား ကျောက်လမ်း အဆင့်မြှင့်တင်နိုင်ရန် အတွက် နယ်မြေဒေသ အခြေအနေအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိ သေးပါကြောင်းနှင့် ကွင်းဆင်း ဆောင်ရွက်နိုင်ပါက ရန်ပုံငွေ လျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ်ရှိ မိတ္ထီလာ - မလှိုင် - မြင်းခြံ လမ်းမကြီးမှ ထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်သည့် ကတ္တရာလမ်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိတ္ထီလာ - မလှိုင် - မြင်းခြံလမ်း ထန်းပင်ကန်ကျေးရွာမှ ရိုးကျေးရွာ ကြား ကတ္တရာလမ်း ၄ ဖာလုံကို ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တွင် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်ထားသည့် အရှည် ၂ မိုင် ၁ ဖာလုံအနက် ပျက်စီး နေသော လမ်းပိုင်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်း ခြင်းရန်ပုံငွေ အကန့်အသတ် ဘောင်အတွင်းမှ ဆောင်ရွက်ပေး သွားမည် ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစ၍ (၁)မိုင် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လျာထားဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်း ဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် (၂၅ ခုတင်)ဆံ့ဆေးရုံတွင် လစ်လပ် လျက်ရှိသော သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိလျှင် မည်သည့် အချိန်တွင် ခန့်ထားပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွန်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ် မြို့နယ်ဆေးရုံတွင် မြို့နယ်ကုသ ရေးဦးစီးဌာနမှူးနှင့်အတူ သူနာပြု ကိုးဦးနှင့် အခြားကျန်းမာရေး ဝန်ထမ်း ၁၂ ဦးတို့မှ ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်လျက် ရှိပြီး လိုအပ်လျက်ရှိသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်အား လုပ်ငန်းလိုအပ်ချက်ပေါ် မူတည်၍ ၂၀၂၆ ခုနှစ်အတွင်း စိစစ်ခန့်ထား ပေးမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး သုံးခုတို့တွင် လိုအပ်နေသော ဆေးတက္ကသိုလ်တစ်ခု ဖွင့်လှစ် ပေးနိုင်ပါရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွန်းက တိုင်းဒေသကြီး/ပြည်နယ်အသီးသီး မှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင် သူများအား ဆေးတက္ကသိုလ်ခွဲဝေ နေရာချထားရာတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးစသည့် မြန်မာနိုင်ငံ အောက်ပိုင်းရှိ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်သော ကျောင်းသား ကျောင်းသူများအား သွားလာရေး အဆင်ပြေ လွယ်ကူစေရန်နှင့် ပညာသင်ယူမှု အဆင်ပြေစေရန် အတွက် မြန်မာနိုင်ငံအောက်ပိုင်း တွင် တည်ရှိသည့် ဆေးတက္ကသိုလ် (၁)ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်တို့သို့ လွန်ခဲ့သော ၁၅ နှစ် ခန့်ကတည်းကပင် ခွဲဝေနေရာ ချထား၍ တက်ရောက်စေပြီး ဆေးတက္ကသိုလ်ဝင်ခွင့် ရရှိသူဦးရေ အနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ကရင်ပြည်နယ်မှ ငါးဦး၊ မွန်ပြည် နယ်မှ ၄၉ဦး၊ တနင်္သာရီတိုင်းဒေသ ကြီးမှ ခုနစ်ဦးသာ ရှိခဲ့သည့်အတွက် အဆိုပါဒေသကြီး သုံးခုတွင် ဆေးတက္ကသိုလ်တစ်ခု ဖွင့်လှစ် ပေးရန် အစီအစဉ်မရှိသေးပါ ကြောင်းနှင့် နောင်တွင် နိုင်ငံတော် ၏ လိုအပ်ချက်ပေါ်မူတည်ပြီး စိစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် **"နိုင်ငံသူ နိုင်ငံသား မိဘပြည်သူ လူထုတစ်ရပ်လုံး၏ ကျန်းမာရေး ဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချ ပေးနိုင်ရန်အတွက် နိုင်ငံတော် အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာ အဆင့်မီ ကုသမှုခံယူနိုင်ရန် အတွက်ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီး များ ထူထောင်ဖွင့်လှစ်ပေးနိုင် ပါရန် တိုက်တွန်းသည့်အဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဖာပွန်မဲဆန္ဒနယ်မှ **ဦးစောဝင်းထိန်က** ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများသည် ယှဉ်တွဲပြီး နိုင်ငံအတွက် အရေးပါနေသကဲ့သို့ တစ်ခုနှင့်တစ်ခု အပြန်အလှန် ယှက်နွယ်နေပါကြောင်း အဆိုကို အကောင်အထည်ဖော်ပေးနိုင်မည် ဆိုပါက ပြည်သူ၊ အစိုးရနှင့် လွှတ်တော်များအတွက်ပါ အကျိုး ကျေးဇူးများမည်ကို တွေ့ရှိရပါ ကြောင်း၊ ပြည်သူများအတွက် ပိုမိုကောင်းမွန် ထိရောက်သည့် ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်သကဲ့သို့ အစိုးရ အနေဖြင့်လည်း ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် နိုင်ငံသား များကို ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်များ၏ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး လုပ်နိုင်စွမ်းကို ပြည်သူများ ပိုမိုယုံကြည်လာမည် ဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံး ၏ ယုံကြည်လေးစားမှုများ ရရှိလာမည် ဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ**က အဆိုအပေါ် ပြည်သူလူထု တစ်ရပ်လုံး အကျိုးဖြစ်ထွန်းရန် အမြင်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမြင်၊ Life Expectancy မြင့်တက် လာရန်အမြင်၊ တိုင်းရင်းသား အချင်းချင်း ယုံကြည်မှု တည်ဆောက်ရေးအမြင်၊ တိုင်းရင်း သားစည်းလုံးညီညွတ်ရေးအမြင် ဖြင့်ကြည့်ကြည့် နိုင်ငံရေးအမြင်၊ ငြိမ်းချမ်းရေးအထောက်အကူပြု အမြင်၊ မည်သည့်အမြင်မျိုးဖြင့် ကြည့်ရှုသည်ဖြစ်စေ တိုင်းပြည်နှင့် ပြည်သူအတွက် အကျိုးရှိသည့် အတွက် ဒေသဇုန်များခွဲပြီး ရောဂါ ကြီးများအတွက် နိုင်ငံတကာ အဆင့်မီ ကုသပေးနိုင်မည့် အဆင့်မြင့် အထူးကုဆေးရုံကြီး များ ထူထောင်ဖွင့်လှစ်ပေးရေး သည် အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အပြည့်အဝ ထောက်ခံပါကြောင်း ဆွေးနွေး သည်။

**ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးဆင်ဆုန်းက** ယခုအဆိုသည် ဝေးလံခေါင်သီသည့် ဒေသများမှ တိုင်းရင်းသား မိဘပြည်သူလူထု အားလုံးအတွက် အလွန်တန်ဖိုးရှိ သောအဆိုဖြစ်ပြီး ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာမခွဲခြားဘဲ နိုင်ငံသူ နိုင်ငံသား ပြည်သူလူထုအားလုံး အပေါ် တန်းတူညီမျှတန်ဖိုးထား ကြောင်းပေါ်လွင်စေသော အဆို ဖြစ်ပါကြောင်း၊ သာမန်နာမကျန်း သူသည် ပြဿနာမရှိသော်လည်း ကင်ဆာ၊ ကျောက်ကပ်၊ နှလုံးသွေး ကြောပိတ်ခြင်းနှင့် အူအတက် ရောဂါများကိုမူ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အထိ တက်ရောက် ကုသရန် များစွာအခက်အခဲရှိပါ ကြောင်း၊ ထို့ကြောင့်ဝေးလံခေါင်သီ ဒေသမှ ပြည်သူများ၊ ရောဂါကြီး များကို ခေတ်မီစက်ကိရိယာကြီး များဖြင့် နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန် ဒေသဇုန်ကြီး များ သတ်မှတ်ပြီး အထူးကုဆေးရုံ ကြီးများ သီးခြားထူထောင်ဖွင့်လှစ် ပေးခြင်းသည် ကောင်းမွန်သည့် အစီအစဉ်တစ်ရပ် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်း သည် နိုင်ငံတော်အနေဖြင့် ပြည်နယ်ပြည်မ မခွဲခြားဘဲ၊ နိုင်ငံသားအားလုံးအပေါ်၊ တိုင်းရင်း သား လူမျိုးစုအားလုံးအပေါ် ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးတို့ကို တန်းတူခံစား ပိုင်ခွင့်များရရှိအောင် ဆောင်ရွက် ပေးခြင်း ဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်း၊ စည်းလုံး ညီညွတ်ရေး၊ ချစ်ကြည်လေးစား ရေးနှင့် ယုံကြည်မှုများ ပိုမို အားကောင်းလာစေရန် များစွာ အထောက်အပံ့ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အဆိုသည် တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူ လူထုတစ်ရပ်လုံး၏ ကျန်းမာရေး ဆိုင်ရာ ပူပင်သောက၊ ဒုက္ခနှင့် ဝန်ပိနေမှုများကို အများဆုံး လျှော့ချပေးနိုင်မည့် အစီအစဉ် ဖြစ်သည်ဟု ယုံကြည်သည့် အတွက် တစ်နိုင်ငံလုံးတွင်ရှိကြ သည့် တိုင်းရင်းသားမိဘပြည်သူ လူထုအားလုံး၏ကိုယ်စား အဆို အပေါ် အပြည့်အဝထောက်ခံ ပါကြောင်း ဆွေးနွေးသည်။

အလားတူ ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၊ မိုင်းပျဉ်းမဲဆန္ဒနယ် မှ ဦးစိုင်းလောင်းနှင့် ဇန်းမော် မဲဆန္ဒနယ်မှ ဦးကျော်လင်းတို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘားအံမဲဆန္ဒနယ် မှ ဦးသက်နိုင်ဦး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပြည်သူ့ ဆေးရုံများတွင် ပြင်ပလူနာ ကြည့်ရှုကုသမှုနှင့် ပတ်သက်၍ နယ်မြေဒေသ အေးချမ်းတည်ငြိမ် သောဒေသများရှိ ပြည်သူ့ဆေးရုံ တိုင်းတွင် အရေးပေါ်နှင့်ပြင်ပလူနာ ဌာနများကို ၂၄ နာရီ ဖွင့်လှစ်ကာ ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိပြီး (ခုတင် ၁၀၀)ဆံ့ ဆေးရုံများမှစတင်ပြီး အထူးကု ဆရာဝန်များ ခန့်အပ်တာဝန်ပေး ကာ အထူးကုပြင်ပလူနာဌာနများ ကို နံနက်ပိုင်းသာမက နေ့လယ် ပိုင်းများတွင်ပါ တိုးချဲ့ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုလက်လှမ်း မီစွာရရှိနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း။

ပြင်ပလူနာများ စောင့်ဆိုင်းရချိန် လျှော့ချရေးနှင့် ဆေးဝါးများ အခမဲ့ ထောက်ပံ့ပေးနိုင်ရေး အတွက် ဘဏ္ဍာနှစ်အလိုက်

စာမျက်နှာ ၁၀ သို့ ✦

☆ စာမျက်နှာ ၈ မှ

ခတ်အားပေးစက်ရုံများ အတွက် Spare Part ပစ္စည်းများ စာချုပ်ချုပ်ဆိုဝယ်ယူရာတွင် အချို့စက်ပစ္စည်းများ အချိန်မီပေးသွင်းနိုင်မှု မရှိခဲ့ခြင်း၊ တင်ဒါပိုလျှံငွေများ ဖြစ်ပေါ်ခဲ့ခြင်း၊ ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်း လုပ်ငန်းများ ဆိုင်းငံ့နေခြင်းကြောင့် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေတို့နှင့် ဆက်နွယ်သည့် အသုံးစရိတ်များ လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် အနည်းငယ်လိုအပ်ခဲ့ပါကြောင်း။

ကြွေးမြီအသုံးစရိတ်အပိုင်းတွင် ပိုလန်နိုင်ငံချေးငွေအပေါ် အရင်းပေးဆပ်ရာတွင် Internal Policy ကြောင့် ငွေပေးချေနိုင်မှုမရှိခဲ့ခြင်း၊ မြို့ရှင်နိုင်ငံများသို့ ချေးငွေအရင်းပေးဆပ်ရန် ငွေလွှဲပြောင်းနိုင်မှု မရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

သို့ပါ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ရရှိသုံးစွဲနိုင်မည့် ရငွေနှင့် အသုံးစရိတ်တို့ကိုသာ လျာထားရေးဆွဲကြရန်နှင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ်ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအတွက်ကိုသာ ထည့်သွင်းလျာထားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်နိုင်ပါရန်နှင့် အတည်ပြုမှတ်တမ်း တင်ပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၂၆)ကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၀) ဦးချစ်ဆွေက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြည်ထောင်စု လွှတ်တော်ရုံးသို့ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

✦ စာမျက်နှာ ၉ မှ

ရန်ပုံငွေများ ခွဲဝေချထားပေးခြင်း၊ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများအား အဆင့်မြှင့်တင်ရာတွင် ဆေးနှင့်ဆေးပစ္စည်းများ၊ အခြေခံအဆောက်အအုံများကို နှစ်စဉ်ဘတ်ဂျက်လျာထားရရှိမှု၊ နယ်မြေဒေသအေးချမ်းမှုတို့အပေါ် မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်တင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အရင်းအမြစ်များရရှိနိုင်မှုကို တွက်ချက်ကာ အများပြည်သူ ကုသရေးဝန်ဆောင်မှု တိုးမြှင့်ရရှိစေရန်အလို့ငှာ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်း များကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူများအား ငွေကြေးအခက်အခဲမဖြစ်စေဘဲ လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ရေးအတွက် နောင်အနာဂတ်ကာလတွင် ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှု အာမခံစနစ်ကို နိုင်ငံ၏လူမှုစီးပွား အခြေအနေနှင့် ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်မှု အဆင့်တို့နှင့် လိုက်လျောညီထွေစွာ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်နိုင်ရေးကို သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာအဆင့်မီ အထူးကုဆေးရုံသစ်ကြီးများကို အစမှအဆုံး အသစ်ဖွင့်လှစ် ထူထောင်ခြင်းသည် ကြီးမားသောဘဏ္ဍာငွေ၊ အဆင့်မြင့်စက်ပစ္စည်းများနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများစသည့် လူ့စွမ်းအား အရင်းအမြစ် အမြောက်အမြား အချိန်ယူစုဆောင်းရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ဒေသအလိုက် ဖွင့်လှစ်ထားရှိပြီး ပြည်သူ့ဆေးရုံကြီးများတွင် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များနှင့် ခေတ်မီ ကုသရေးနှင့် ရောဂါရှာဖွေရေး ပစ္စည်းများအား နှစ်စဉ်တိုးမြှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ထားရှိပြီး အဆင့်ဆင့် ဆက်လက် စီမံဆောင်ရွက်သွား မည်ဖြစ်သောကြောင့် နိုင်ငံသူ နိုင်ငံသား မိဘပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကိုလျှော့ချပေးနိုင် ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ရန်နှင့် ရောဂါကြီး များအား နိုင်ငံတကာအဆင့်မီ ကုသမှု ခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများ အလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီး များ ထူထောင်ဖွင့်လှစ်ပေးနိုင် ပါရန်အဆိုအား မှတ်တမ်းတင် သင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အဆိုအပေါ် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုကို စနစ်တကျ အလေးအနက် မှတ်သားထားပြီး တိုးတက်မှု အခြေအနေကို စောင့်ကြည့် မှတ်တမ်းတင်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၆ ရက်မြောက် နေ့ကို ရပ်နားလိုက်ပြီး အစည်း အဝေး ၁၇ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းအဖွဲ့**

# နယူးဒေလီမြို့၌ ပထမအကြိမ် ဘင်းမ်စတက်ပြည်ထဲရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက် ပြည်ထဲရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်မှ ၁၃ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ပြည်ထဲရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက် ပြည်ထဲရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးတက်ရောက်၍ မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို မြှင့်တင်ရန် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုများ၊ တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများနှင့် အခြားနိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအားလုံးနှင့်အတူ ပွင့်လင်းမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်တို့ဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း အွန်လိုင်းလိမ်လည်မှုများ၊ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ မျှဝေဆွေးနွေးနိုင်ခဲ့ပြီး အပြုသဘောဆောင်သည့် ရလဒ်များ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၂)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁၅-၁၀-၂၀၂၆ ည ၁၁:၁၅ နာရီ | လိုင်ယွန် - ပဲလေ့စ် |
| ,, | စိန့်ဂယ်လ်ဂျက်စ် - ဆိုစီအက် |
| ,, | ဆောလ်ဘတ် - အေစီမီလန် |
| ,, | လက်ခ်ပိုဇ်နန် - လေတာကူဆင် |
| ၁၆-၁၀-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | ဘုန်းမောက် - စတမ်းဂရက်ဇ် |
| ,, | ဘင်ဖီကာ - ဆဲလ်တစ် |
| ,, | ဆဲလ်တာဗီဂို - ဂျူဗင်တပ် |
| ,, | ဒိုင်နမိုဇာဂရက် - အန်းဒါးလက်ချ် |
| ,, | ဖီရန်တရို့စ် - ပလာဇန် |
| ,, | ဟော်ဖန်ဟိမ်း - ဘီဆစ်တပ်စ် |
| ,, | မာဆေးလ် - ဒိုလ်ပီယာကိုစ် |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jai အား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် တရုတ် - မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ တရုတ်နိုင်ငံ ချေးငွေများနှင့် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ အခြေအနေများ၊ နှစ်နိုင်ငံအကြား ငွေပေးချေမှုကိစ္စရပ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ သင်တန်းများ ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၂၄ မှ
သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြပြီး အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများကို ကျင်းပပြုလုပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(A)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုရရှိသူများ၊ အကောင်းဆုံးနည်းပြဆုနှင့် အကောင်းဆုံးဒိုင်လူကြီးဆုရရှိသူများ၊ အတန်းလိုက်အကောင်းဆုံးကစားသမားဆု၊ အတိုက်ဝိတ်တန်းအလိုက် ဖလားရရှိသည့် အသင်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက်ဆုဖလားများကို ပေးအပ်ကြသည်။

ထို့နောက် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ကိုးခုနှင့် ကြေးတံဆိပ် လေးခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(B)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား/အမျိုးသမီးနေရာအလိုက် အကောင်းဆုံးဆု၊ အကောင်းဆုံးဘော်လီဘောအားကစားသမားဆု၊ စတုတ္ထဆု၊ တတိယဆုရရှိသည့်အသင်းများအား တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ ပေးအပ်ကြသည်။

ယင်းနောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်း တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(C)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေး သည်။

ဦးစွာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနည်းများအလိုက် တစ်ဦးချင်းဆုရရှိသူများနှင့် အမျိုးသား/ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းများအား မြန်မာ နိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တပ်မတော် အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့သိုင်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၉ ခု၊ ငွေတံဆိပ် ရှစ်ခုနှင့် ကြေးတံဆိပ် ခုနစ်ခုဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူတစ်ဦးက စွယ်စုံတံခွန်စိုက် ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စံပယ်(၆)အားကစားရုံ၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အခြေခံ အထိ(၆)ချက်ပြိုင်ပွဲ၊ (၄)ပေါက်တန်း ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆု၊ အသင်းလိုက်ဆုနှင့် တက်သစ်စ အကောင်းဆုံး အားကစားသမားဆု၊ အကောင်းဆုံး အားကစားသမားဆု၊ အတိုးတက်ဆုံးအသင်းဆု၊ ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုဆုများကို မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နာယကနှင့် တာဝန်ရှိသူများက လည်းကောင်း၊ အခြေခံအထိ (၆)ချက်ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် (၄)ပေါက်တန်းအဆင့် ပထမဆုရကာကွယ်ရေးဦးစီး ချုပ်ရုံး(ရေ)အသင်းတို့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်ကြော ရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစား ခန်းမ၌ တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကို ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစား သမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက် လူသစ်တန်းနှင့် အလွတ်တန်းအဆင့် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစား ကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အလွတ်တန်းအဆင့်အားကစားသမားများ၊ ဒိုင်အဖွဲ့ ဝင်များ၊ (က) အဆင့်ကစားသမားများ၊ (က) အဆင့် နှင့် အလွတ်တန်းအဆင့် အကောင်းဆုံးလက်ဝှေ့ ကစားသမားဆုရရှိသူများ၊ လူသစ်တန်းဒိုင်းဆု၊ (က)အဆင့်ဒိုင်းဆုနှင့်အလွတ်တန်းအဆင့် ဒိုင်းဆု ရရှိသောအသင်းများအား တပ်မတော်အရာရှိကြီး များက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက် ဆုဖလားများ ပေးအပ်ကြသည်။

ယင်းနောက် လက်ဝှေ့အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် လေးခုနှင့် ကြေး တံဆိပ်ခြောက်ခုဖြင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အသင်း အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူ တစ်ဦးက တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

## ဌာနကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မူဆယ် အောက်တိုဘာ ၁၄**

မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုလုပ်ငန်းများ ဖြစ်သည့် ကွန်ကရစ်လမ်း(၄)ခု၊ တံတား(၃)စင်း၊ လမ်းပေါက်ဖောက်ခြင်းလုပ်ငန်း(၁)ခု၊ ရေပေးရေး လုပ်ငန်း(၁)ခု၊ အခြားလုပ်ငန်း (၉)ခု၊ စုစုပေါင်းလုပ်ငန်း(၁၈) ခုအား မြို့ပေါ်ရပ်ကွက် (၉) ရပ်ကွက်တွင် ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ လုပ်ငန်းများထဲမှ ဌာနကြီးကြပ်ဖြင့်ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်းများအနက် ကောင်းမူးတုံရပ်ကွက်၊ စက်မှု အ.မ.က စာသင်ကျောင်းရှေ့ (၄၀၀'×၁၆'×၆") ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် မောက်ကွဏ်လမ်း(၄၉၀'×၂၀'×၆") ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး (ဒုတိယညွှန်ကြားရေးမှူး)နှင့် အင်ဂျင်နီယာမှူး ဦးရဲထွဋ်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

(ကဆ)





## အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြော

**မကွေး အောက်တိုဘာ ၁၄**

မကွေးမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့်အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က အ.ထ.က (ကန်ပြား)ကျောင်း၌ အသိပညာပေးဟောပြောခဲ့သည်။

ဦးစွာ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက အယ်လ်နီညိုရာသီဥတု၏ လက္ခဏာများ၊ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများအကြောင်း၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်လွန်ကဲစွာမြင့်တက်ခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များကို ဖြစ်ပေါ်စေနိုင်သဖြင့် ကြိုတင်ကာကွယ်ရန်နှင့် သိရှိလိုက်နာရန်အချက်များကို ဟောပြောကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားကြကာ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များပြသခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

## ကျေးရွာကုန်ထုတ်လမ်းဖောက်နေမှု ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း အောက်တိုဘာ ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် မူလခွင့်ပြုရန်ပုံငွေဖြင့် ကန်ဘဲ့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ရာ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ထန်းပေါက်ကုန်းကျေးရွာ ကုန်ထုတ်လမ်းအရှည် ပေ ၄၇၀၀၊ အကျယ် ၁၂ ပေ၊ မြေသား နှစ်ပေ ကိုးလက်မထု မြေဖို့ခြင်း၊ ဂျင်းမြေ ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ သတ်မှတ် စံချိန်၊စံညွှန်းများနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေကျပ် ၁၅၈ ဒသမ ၉၅၄၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

*-*-*-*-*-*-*

| ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဗီယင်န | ၃ | - | ၂ | ကိုမို |
| လင့်ဇ် | ၃ | - | ၆ | လီဗာပူး |

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လမင်းစီမံချက်ဖြင့် အမှတ်(၂၇)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းများကို One Stop Service ဖြင့် ဆောင်ရွက်၍ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်းရှိ အောင်တံခွန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးဦးစောနိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်များ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း၊ ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းများစတင်ဖွင့်ချိန်မှစ၍ အခြေခံပညာကျောင်းများ၌ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းပေါင်း ၁၅၂၉ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၁၆၁၈၁ ဦးအား ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသောကျောင်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀



## စာသင်ခြင်းနှင့် စိတ်သင်ခြင်း၊ မိဘမေတ္တာ ဟောပြောပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၇၃ လမ်း၊ ၁ လမ်းနှင့် ၂ လမ်းကြားရှိ လင်းလက်တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် စာသင်ခြင်းနှင့် စိတ်သင်ခြင်း၊ မိဘမေတ္တာဟောပြောပွဲနှင့် ဆရာကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဆရာ ဦးဝင်းမင်းထွန်း (မိခင်မြန်မာစာ)က "စာသင်ခြင်းနှင့် စိတ်သင်ခြင်း၊ မိဘမေတ္တာ" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများကို ဟောပြောသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကျွန်ုပ်၏အမှားများ၊ ဆုံးဖြတ်ချက်များ ရိုးသားစွာ ဝန်ခံရေးသားသည့် စာရွက်များ ပေးဝေပြီး ဖြည့်စွက်စေကာ ကံစမ်းမဲဖောက်ပေးသည်။ ကံစမ်းမဲပေါက်သော ကျောင်းသား၊ ကျောင်းသူများအား လင်းလက်တော်ဝင် ကိုယ်ပိုင်ကျောင်းမှ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် ဒုတိယပိုင်း အစီအစဉ်အဖြစ် ကျောင်းသား၊ ကျောင်းသူများက ကန်တော့ချီးဖြင့် ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြသည်။ ဆက်လက်၍ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးစမ်းကြိုင် (အိမ်တင်အေး-ပုလဲ)က ကျောင်းသား၊ ကျောင်းသူများကို ခွင့်လွှတ်၊ မေတ္တာပို့၊ ဆုပေးစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(PNT)**

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးကုသပေးခြင်းများ ဆောင်ရွက်

**ကျောက်ဆည် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တိုင်းရင်းဆေးကုသရေးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနတို့မှ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက ထနောင်းပင်လှ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးကုသပေးခြင်းများဆောင်ရွက်ခဲ့သည်။

ဦးစွာ ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဦးဇော်လင်းထင်က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရာသီအလိုက် ဖြစ်



ပွားတတ်သော ရောဂါများနှင့် အပူဒဏ်ကာကွယ်ရေးအကြောင်းများကို ဟောပြောခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဆွေဆွေမြင့်နှင့်ဝန်ထမ်းများက ထနောင်းပင်လှကျေးရွာအခြေခံပညာမူလတန်းကျောင်းမှ ဆရာ၊ ဆရာမ လေးဦးနှင့် ကျောင်းသား ၃၆ ဦး၊ ကျောင်းသူ ၄၄ ဦး၊ စုစုပေါင်း ၈၄ ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ထက်ထက်(ကျောက်ဆည်)**

## ပျော်ဘွယ်မြို့နယ်၌ လူငယ်နှင့် အားကစားကဏ္ဍမြှင့်တင်ရေး အသိပညာပေး Talk Show ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၁၄**

ပျော်ဘွယ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သိရှိစေရန်ရည်ရွယ်၍ လူငယ်နှင့်အားကစားကဏ္ဍမြှင့်တင်ရေး အသိပညာပေး Talk Show ကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်မေစောမွန်က လူငယ်များအတွက် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံပညာကျောင်းများ၌ ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားမှူး ဒေါ်ခင်မျိုးဝင်းက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်၊ Fitness Dance အားကစားနည်းစနစ်များကို အခြေခံမှစတင်၍ သင်ကြားပေးနေမှုများ၊ လူငယ်များကိုလည်း မြို့နယ်အဆင့်၊ ခရိုင်အဆင့် ရွေးချယ်မှုခံရသူများ ဖြစ်စေရေးကိုလည်း တွန်းအားပေးဆောင်ရွက်ပေးလျက်ရှိကြောင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ပွင့်လင်းရာသီနှင့် အယ်လ်နီညိုသဘာဝဘေးအန္တရာယ်ဆိုင်ရာ အပူချိန်မြင့်တက်လာခြင်းကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြရည်နန္ဒာရပ်ကွက်အတွင်း၌ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း ဦးဆောင်၍ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ မြရည်နန္ဒာရပ်ကွက်အတွင်း၌ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတိမူရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**အလင်းသစ်**

**(ချမ်းစည်ပြန်/ဆက်)**

၀-၀-၀-၀-၀

# မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့အမည်သုံး၍ အွန်လိုင်းတွင် လိမ်လည်အလှူခံနေသည့် အကောင့်တုများအား အီလက်ထရောနစ်ဥပဒေဖြင့် အမှုဖွင့်




**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ အမည်နှင့် ဂေါပကအဖွဲ့အမည်အား အလွဲသုံးစားပြု၍ လူမှုကွန်ရက်ပေါ်တွင် အလှူငွေများ လိမ်လည်တောင်းခံနေသည့် အကောင့်တုများအား ချမ်းမြသာစည်မြို့နယ် အမှတ်(၁၀)ရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူထားသည်။

မဟာမုနိဘုရားကြီးအား ရွှေစင်၊ရွှေပြားများ လှူဒါန်းခြင်း၊ ညရုံခြုံထည်သင်္ကန်းအလှူခံခြင်း အပါအဝင် လှူဒါန်းမှုများအတွက် ဂေါပကအဖွဲ့အနေဖြင့် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ အမည်ရှိ Facebook Page , Live 24/7 MahamuniBuddha Mandalay အမည်ရှိ YouTube Channel နှင့် MahamuniPagoda Trustees အမည်ရှိ TikTok နှင့် Viber တို့တွင် ဖုန်း ၀၉-၇၅၅၅၀၀၀၁၆ စသည့် တရားဝင်လူမှုကွန်ရက်များ ဖွင့်လှစ်ထားရှိပြီး အလှူရှင်များကလည်း လှူဒါန်းလျက်ရှိကြသည်။

ယခုအခါ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ အမည်အားအသုံးပြု၍ TikTok အကောင့်တုဖြစ်သည့် mahamunibuddha11 နှင့် mahamunipagoda Trustees တာဝန်ခံ K-Pay ဖုန်း ၀၉-၆၆၈၃၈၅၆၃၃ Ei Ei Phyoe အမည်တို့ဖြင့် အလှူငွေများ လှူဒါန်းနိုင်ကြောင်း လူမှုကွန်ရက်တွင် လိမ်လည်ကြေညာ၍ အလှူခံမှုများ ပြုလုပ်နေသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် အဆိုပါအကောင့်တုများမှတစ်ဆင့် လှူဒါန်းမှုမပြုလုပ်ကြရန်နှင့် ယင်းအကောင့်နှစ်ခုမှာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့အမည်အား အလွဲသုံးစားပြု၍ ကောက်ခံခြင်းဖြစ်ကြောင်း အသိပေးထားသည်။

အဆိုပါ မသမာသူများ၏ K-Pay အကောင့်အား သက်ဆိုင်ရာဘဏ်သို့ အကြောင်းကြားကာ ပိတ်သိမ်းရေး ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် ပတ်သက်၍ မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၀)ရဲစခန်းတွင် ပထမသတင်းပေးချက်အမှတ်(၈၁/၂၀၂၆)၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေအရ အမှုဖွင့်လှစ်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း

*-*-*-*-*-*-*



# ရဲမှန်တောင်ရပ်ကွက်တွင် အကြိမ်(၄၀)မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်း

**မန္တလေး၊ အောက်တိုဘာ ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမှန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများကို အကြိမ်(၄၀)မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်းပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက ရဲမှန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသော ရပ်ကွက်နေပြည်သူများအား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး မဟာအောင်မြေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်မှုတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀ နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့ပြင် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၀၀ စုအား တစ်စုလျှင် ငွေကျပ် ၁၀,၀၀၀၊ ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်နှင့် ဆပ်ပြာခရင်(မ်)တစ်ဘူးစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

# သီတင်းကျွတ်ကာလ ရခိုင်ငှက်ပျောသီး အရောင်းအဝယ်ပိုမိုဖြစ်ထွန်း

**မန္တလေး အောက်တိုဘာ ၁၄**

သီတင်းကျွတ်ကာလတွင် ရိုးရာပွဲတော်များ၊ အလှူအတန်းများနှင့် မင်္ဂလာဆောင်ပွဲများ၌ အသုံးပြုရန်အတွက် ရခိုင်ငှက်ပျောသီးများ ဝယ်ယူမှုများပြားလာသဖြင့် မန္တလေးတိုင်းဒေသကြီး အနီးတစ်ဝိုက်မှ ထွက်ရှိသည့် ငှက်ပျောသီးများအနက် ရခိုင်ငှက်ပျောသီးမှာ အရောင်းအဝယ် ပိုမိုဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါဒေသများတွင် ရခိုင်ငှက်ပျော၊ ဖီးကြမ်းငှက်ပျောနှင့် သီးမွှေးငှက်ပျောတို့ကို အဓိကစိုက်ပျိုးကြပြီး စီးပွားဖြစ်စိုက်ခင်းများမှ ထွက်ရှိသည့် အသီးများကို တစ်ဆင့်ခံဝယ်လက်များက ခြံပြတ်ဝယ်ယူကာ ရန်ကုန်နှင့် အခြားမြို့ကြီးများသို့ တင်ပို့ရောင်းချကြသည်။ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများမှာ မြို့မဈေးများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြသည်။

လက်ရှိဈေးကွက်တွင် ရခိုင်ငှက်ပျောသီးတစ်ဖီးလျှင် ငွေကျပ် ၂,၀၀၀ မှ ၂,၅၀၀ အထိ ရှိပြီး ဖီးကြမ်းငှက်ပျောသီး ၁၀ လုံးမှ ၁၅ လုံးပါ တစ်ခိုင်လျှင် ငွေကျပ် ၄,၅၀၀ မှ ၅,၀၀၀ အထိ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိသည်။ ငှက်ပျောသီးများကို အစိမ်း၊ အမှည့်အလိုက် ရောင်းချကြသည့်အပြင် ငှက်ပျောကြော်ကဲ့သို့ စားသောက်ကုန်များအဖြစ်လည်း ထုတ်လုပ်ရောင်းချကြသည်။

မြန်မာ့ရိုးရာဓလေ့အရ ငှက်ပျောသီးကို အုန်းသီးနှင့်တွဲဖက်၍ မင်္ဂလာဆောင်ပွဲများနှင့် အလှူပွဲများတွင် အသုံးပြုလေ့ရှိသည်။ ဝါတွင်းကာလတွင် အရောင်းအဝယ် အေးလေ့ရှိသော်လည်း ဝါလကင်းလွတ်သည့် သီတင်းကျွတ်ကာလ၌ ပွဲလမ်းသဘင်များ ပိုမိုကျင်းပလာခြင်းနှင့်အတူ ငှက်ပျောသီးဝယ်လိုအားလည်း တိုးလာလေ့ရှိသည်။

ယခုနှစ် သီတင်းကျွတ်ကာလတွင် ရခိုင်ငှက်ပျောသီး အရောင်းအဝယ် ပိုမိုဖြစ်ထွန်းနေပြီး ငှက်ပျောစိုက်တောင်သူများနှင့် တစ်နိုင်တစ်ပိုင် ရောင်းချသူများအတွက် ဈေးကွက်အခွင့်အလမ်းတစ်ရပ်ဖြစ်လာကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)





# မန္တလေးကားဈေးကွက် အရောင်းအဝယ်အေးနေပြီး ကားဈေးနှုန်း ကျပ်သိန်း ရာနှင့်ချီ၍ ကျဆင်း

**မန္တလေး အောက်တိုဘာ ၁၄**

ပြည်တွင်းကားဈေးကွက်အတွင်း အရောင်းအဝယ်အေးနေနေသည့်အတွက် မော်ဒယ်လ်မြင့်ကားများနှင့် SKD/CKD ကားများ၏ ဈေးနှုန်းများမှာ ကျပ်သိန်း ၁၀၀ မှ ၅၀၀ အထိ ကျဆင်းလာကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

အွန်လိုင်းမှတစ်ဆင့် ရွှေ၊ ကားနှင့် မော်တော်ဆိုင်ကယ် အရောင်းအဝယ်ပြုလုပ်ခြင်းကို ပိတ်ပင်လိုက်ခြင်းနှင့် ကားဝယ်၊ ရောင်းပွဲစားများ၊ အကျိုးဆောင်များ၏ အခွန်ငွေများကို စိစစ်မည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းကြောင့် အရောင်းအဝယ် နည်းပါးလာပြီး ဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်သည်။

လက်ရှိဈေးကွက်တွင် အိမ်စီးကားနှင့် ဖိမ်ခံကားအမျိုးအစားများမှာ ငွေကျပ်သိန်း ၉၀၀ မှ ၁,၀၀၀ ကျော်အထိရှိပြီး Pick-up ကားများမှာ ငွေကျပ် သိန်း ၄၀၀ ကျော်မှ ၈၀၀ ကျော်အတွင်း အရောင်းအဝယ်ဖြစ်နေသည်။

ကားဈေးနှုန်း ကျဆင်းလာခြင်းသည် ဝယ်ယူစီးနင်းလိုသူများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း အရောင်းအဝယ်လုပ်ကိုင်သူများအတွက်မူ ဈေးကွက်အခြေအနေအပေါ် မူတည်နေသည်။

လက်ရှိတွင် ကားအမျိုးအစားနှင့် မော်ဒယ်လ်နှစ်အလိုက် ဈေးနှုန်းအပြောင်းအလဲများ ရှိနေသဖြင့် ဝယ်ယူလိုသူများအနေဖြင့် ကား အမျိုးအစား၊ မော်ဒယ်လ်နှစ်အလိုက် လက်ရှိဈေးကွက်ပေါက်ဈေးတို့ကို နှိုင်းယှဉ်လေ့လာပြီးမှ ဝယ်ယူသင့်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)



# နယ်စပ်ကုန်သွယ်ရေးအပေါ် မှီခိုမှုလျှော့ချပြီး ရေကြောင်း ပို့ကုန်လမ်းကြောင်းများ တိုးချဲ့ရန် (MFVP) အဆိုပြု

**မန္တလေး အောက်တိုဘာ ၁၄**

မြန်မာ့သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် ပို့ကုန်ကဏ္ဍတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုတည်းအပေါ် မှီခိုမှုလျှော့ချပြီး ရေကြောင်းနှင့် တိုက်ရိုက်ပို့ကုန်လမ်းကြောင်းများ တိုးချဲ့အသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MFVP)က အဆိုပြုထားသည်။

(MFVP)၏ စာတမ်းတွင် နယ်စပ်လမ်းကြောင်းပိတ်ဆို့မှု၊ ဈေးကွက်မတည်ငြိမ်မှုနှင့် ရိတ်သိမ်းပြီးနောက် သီးနှံဆုံးရှုံးမှုများ လျှော့ချနိုင်ရန် တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ နယ်စပ်လမ်းကြောင်းများအပြင် စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပဈေးကွက်များသို့ ရေကြောင်း၊ လေကြောင်းဖြင့် တိုက်ရိုက်တင်ပို့နိုင်ရေးကို အဆိုပြုထားသည်။

ထို့ပြင် ရန်ကုန်ဆိပ်ကမ်းနှင့် သီးနှံစုဆောင်းရာဒေသများတွင် အအေးခန်းကွန်တိန်နာနှင့် သိုလှောင်ရုံများ တိုးချဲ့အသုံးပြုရေး၊ ပို့ကုန်ထောက်ခံချက်များကို ဒီဂျစ်တယ်စနစ်ဖြင့် ချိတ်ဆက်ရေး၊ သယ်ယူပို့ဆောင်ရေးဂိတ်များ၌ Green Channel ဖွင့်လှစ်ရေးနှင့် GAP , SPS စံနှုန်းများ မြှင့်တင်ရေးတို့ကိုလည်း အကြံပြုထားသည်။

အဆိုပါ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ပါက သီးနှံဆုံးရှုံးမှုလျှော့ချရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ရေးနှင့် မြန်မာ့လယ်ယာပို့ကုန်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးတို့အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားကြောင်း (MFVP)၏ စာတမ်းအရ သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*-*-*

# သမိုင်းအကျွရာကမ္ဘည်းတင်ပါ

မိုးထက်ကို(အမရပူရ)

လူတစ်ယောက်၏ ဘဝမှာ အရေးကြီးဆုံးက 'အသက်'မဟုတ်ပါ။ 'သမိုင်း'ဖြစ်ပါသည်။ 'အသက်'ဆိုသည်မှာ နှလုံးခုန်ရပ်မှသာ သေတတ်ပါသည်။ 'သမိုင်း'ဆိုသည်မှာ အသက်ရှင်လျက်လည်း သေသွားနိုင်ပါသည်။ 'ကိုယ့်သမိုင်းကိုရေး'ဟူသော စကားကို လူတိုင်းပြောဆိုသုံးစွဲနိုင်ကြပါသည်။ ကိုယ့်သမိုင်းကို ရေးရုံမျှနှင့် မပြီးပါ။ ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင် လက်တွေ့ကျကျ လုပ်ပြကြရပါမည်။ ဘဝတစ်သက်တာ မပျောက်မပျက် ကျောက်ထက်အက္ခရာ သမိုင်း မှတ်တိုင်စိုက်ထူနိုင်ကြရပါမည်။

သမိုင်းတစ်လျှောက်မှာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်လိုအခြေအနေပဲ ရောက်နေရောက်နေ 'ငါတို့ခေတ်ကို ငါတို့ဖန်တီးမည်။ ဖန်တီးနိုင်အောင် ကြိုးစားမည်ဟူသော စိတ်ဓာတ်မျိုး လူငယ်များ၏ နှလုံးသားတွင် ကိန်းအောင်းနေစေချင်ပါသည်။ ဘယ်သူကြောင့်၊ ဘယ်ဝါကြောင့်၊ ဘယ်ခေတ်၊ ဘယ်စနစ်ကြောင့် စသည်ဖြင့် ဟိုဟာလွှဲချ၊ ဒီဟာလွှဲချနှင့် ဆင်ခြေဆင်လက်တွေ ပေးပြီး ယောင်ပေပေ၊ ယောင်နန လုပ်နေသည့် အဖြစ်မျိုးမှ လွတ်မြောက်စေချင်ပါသည်။

တကယ်တော့ လူတစ်ယောက်ဘဝမှာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်း ကြားကာလသည် ဘာမျှမကြာပါ။ အရေးကြီးသည်မှာ ကိုယ်ပိုင်ဆိုင်ရာဘဝမှာ နေပျော်အောင်နေဖို့လိုပါသည်။ ဘဝနေဝင်ချိန်မှာ နာမည်ပျက်၊ နာမည်ဆိုးနဲ့ နိဂုံးမချုပ်ဘဲ နာမည်ကောင်းနဲ့ အဆုံးသတ်ဖို့ လိုပါသည်။ ထို့ကြောင့် မိမိဘဝကို မြင့်မြတ်သောစိတ်ထားကောင်းမြတ်သော စာရိတ္တကို အခြေခံတည်ဆောက်ပြီး ကောင်းမွန်သော အလုပ်ကို ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်ဖို့ လိုအပ်ပါသည်။ ကိုယ့်သမိုင်းကို အကောင်းဆုံး ရေးရပါမည်။ ကိုယ်ရေးသည့်သမိုင်း မရိုင်းဖို့ လိုပါသည်။

ဦးဆောင်ဦးရွက်လုပ်သူမှာ ကိုယ်ကျင့်တရား ရှိရမည်။ သီလ၊ သမာဓိ ရှိရမည်။ တရားမျှတ သမာသမတ်ရှိရမည့် အရည်အချင်းပညာရှိရမည်။ လုပ်ဖော်ကိုင်ဖက်များအပေါ် စိတ်ကောင်း၊ စေတနာကောင်း ရှိရမည်။ ကိုယ်ချင်းစာနာစိတ်ရှိရမည်။ ထိုသို့ ပြည့်စုံသူ သည် ဦးဆောင်မှသာ ဘယ်အဖွဲ့အစည်းမျိုးမဆို တိုးတက်အောင်မြင်မှုများကို ရရှိနိုင်ပါသည်။

လောက၌ ဘယ်အရာမှ အလကားမရပါ။ သူ့တန်ဖိုးနဲ့သူ တန်ရာတန်ကြေး တန်ဖိုးပေးရပါသည်။ ရည်ရွယ်ချက် ကြီးကြီးမားမားထားသူဖြစ်ပါက သူများထက် တန်ဖိုးများများပေးရန် အဆင်သင့် ရှိရပါမည်။ 'တန်ဖိုး'ဆိုသည်မှာ အလုပ်ကို ဆိုလိုခြင်းဖြစ်သည်။ အလုပ်ကို ရိုးသားကြိုးစားစွာ လုပ်ရပါမည်။ လှေ့လာထားသမျှ အလုပ်၏ အခွင့်အလမ်းကို အမိအရ ဖမ်းဆုပ်ရယူနိုင်ရမည်။ တစ်ခါတစ်ရံ စွန့်စားရသည်လည်း ရှိသည်။ တစ်ခါတစ်ရံ စွန့်လွှတ်ရသည်လည်း ရှိသည်။ တစ်ခါတစ်ရံ ဆုံးရှုံးနစ်နာခံလိုက်ရသည်လည်းရှိသည်။ မည်သို့ပင်ဖြစ်ပါစေ အလုပ်ကို မလုပ်ရဲ၊ မကိုင်ရဲဘဲ ပန်းတိုင်ကို လှမ်းကိုင်နိုင်ရန် မျှော်လင့်နေလျက် အချိန်ကုန်ရုံသက်သက်သာ

> **ကိုယ်ကျင့်တရားသည် လူတစ်ယောက်၏ တန်ဖိုးဖြစ်သည်။ လူတစ်ယောက်၏ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ပိုင်အရည်အချင်းရှိမှု၊ ပြင်းထန်သော ယုံကြည်ချက်ရှိမှု၊ သစ္စာရှိမှု၊ သတ္တိရှိမှု၊ ကတိတည်မှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ နားလည်သိတတ်မှု တို့ကို ပေါင်းစည်းထားခြင်းဖြစ်သည်။**
>
> **အမှန်တရားကို မြတ်နိုးသူသည် သူမှန်တယ်ဟု ယုံကြည်ထားသည်ကို ဘာတွေဖြစ်သွားဖြစ်သွား ပြောရဲ၊ လုပ်ရဲသည်။**

ရှိချေမည်။ စိတ်သောကများနှင့် စိတ်မောရုံသာ ရှိလိမ့်မည်။

ရိုးသားပါ၊ ကြိုးစားပါ၊ နိုးကြားပါ၊ မိမိကိုယ်ကို ပိုင်စိုးနိုင်သည့်အဆင့်သို့ ရောက်ရှိအောင် စိတ်အား၊ ဉာဏ်အား၊ လူအားများဖြင့် ပြည့်ပြည့်ဝဝ ကြိုးပမ်းပါ။ လုပ်ချင်သည့် ကိစ္စရပ်များကို အားကြိုးမာန်တက် ဆောင်ရွက်ပါ။ လမ်းပိတ်ဆို့ထားသည့် သမားရိုးကျ၊ ရှေးရိုးအစဉ်အလာများကို တွန်းဖယ်ပစ်လိုက်ပါ။ မိမိ၏ ကာယ၊ ဉာဏ စိတ်ဓာတ်များဖြင့် အခက်အခဲ အကျပ်အတည်းမှန်သမျှကို ကျော်လွှား အောင်မြင်အောင် ကြိုးစားပါ။ မိမိဘဝကို မိမိဖန်တီးကာ ရှင်သန်ကြရပါမည်။

အသွင်အပြင်ကို ကြည့်ရုံမျှဖြင့် လူတို့၏ အတွင်းသဘောကို မသိနိုင်။ ခေတ္တခဏမျှ ပေါင်းသင်းဆက်ဆံကြည့်ရုံမျှလည်း မသိနိုင်ပါ။ မသမာသူတို့သည် လူရိုး၊ လူကောင်း အသွင်ဖြင့် လောက၌ လှည့်လည်နေကြသည်။ အတွင်းစိတ်က မစင်ကြယ်သည်ကို အပြင်ပန်းက ဝတ်စားတန်ဆာဖြင့် ဖုံးလွှမ်းလျက် ရွှေရည်စိမ်ထားသော ကြေး၊ ဒင်္ဂါး အတုကဲ့သို့ အယောင်ဆောင်နေတတ်ကြသည်။ လူတို့၏ အတွင်းသဘောကို အလွန်အသိရခက်သည်။ ဝတ်စားတန်ဆာ အသွင်အပြင်ကို မြင်ရရုံနှင့်လည်း မယုံနှင့်။ သူ့စကားကို ကြားရရုံနှင့်လည်း မယုံနှင့်။ အချိန်ယူ၍ ပေါင်းသင်းဆက်ဆံကြည့်မှသာ လူ့သဘော၊ လူ့မနောကို အမှန်အတိုင်း သိနိုင်ရာသည်။

(မြတ်ဗုဒ္ဓ)

ထက်သန်ပြင်းပြသော စိတ်ရှိသူသည် မည်သည့် အတားအဆီးကိုမဆို ကျော်လွှားသွားလိမ့်မည်။ ထိုထက်သန်ပြင်းပြသော စိတ်ဆန္ဒသည်ပင် အောင်မြင်ရေးအတွက် အရေးကြီးဆုံးသော 'သော့ချက်'တစ်ခု ဖြစ်သည်။ လူ့ဘဝခဏတာမှာ ကြုံလာသမျှ လောကဓံကို ကြံ့ကြံ့ခံကာ ဇွဲ၊ သတ္တိ၊ အားမာန်အပြည့်နှင့် အန်တုသူသည် ကံကြမ္မာ၏ ရိုက်ခတ်ခြင်းဒဏ်ကို လုံးဝမကြောက်ပါ။ မတုန်လှုပ်ပါ။ ခေါင်းထောင်လည်မော့ ကြော့ကြော့လေး ဆက်လက် လျှောက်လှမ်းကာ ရင်ဆိုင်မည်သာ။

လူငယ်တိုင်းမှာ ကိုယ့်ဘဝမြင့်မားတိုးတက်ရေး အတွက် ရည်ရွယ်ချက်(သို့မဟုတ်)ရည်မှန်းချက် ကိုယ်စီ ရှိကြပါသည်။ ယနေ့ နည်းပညာခေတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် မျိုးဆက်သစ် လူငယ်လေးများကို ကမ္ဘာ့အဆင့်မီသော ပညာရေး အနှစ်သာရနှင့် အရည်အချင်း ပြည့်မီသော ပညာတတ်သူ အရင်းအမြစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရပါမည်။ အသိပညာ၊ အတတ်ပညာ၊ နည်းပညာများနှင့် ကျွမ်းကျင်မှုစွမ်းရည်များလည်း ပြည့်ဝဖို့ လိုအပ်ပါသည်။

အတ္တဟိတ၊ ပရဟိတ ဟူသော စကားရှိပါသည်။ လောက၌ အများကောင်းကျိုးသယ်ပိုးသည့်သူ၌ မိမိအကျိုးပါရှိကာ သေချာပြီး ဖြစ်ပါသည်။ ထိုအတ္တဟိတ၊ ပရဟိတစကားကဲ့သို့ 'လောကဟိတ' ဟူသော စကားလည်း ရှိပါသည်။ မိမိတစ်ကိုယ်အတွက် အသက်ရှင်သူသည် နေ့ဥစ္စာ အရှိန်အဝါများ ရှိစေကာမူ ထိုသူသည် ရှုံးနိမ့်သူသာ ဖြစ်ပါသည်။ သူတစ်ပါးအတွက် အသက်ရှင်သောသူမျိုးသာလျှင် စစ်မှန်သောအောင်မြင်မှုကို ရရှိသူဖြစ်သည်။ မိမိ၏ နေ့ဥစ္စာနှင့် အရှိန်အဝါကို လောကကောင်းကျိုးအတွက် အသုံးချသော ကြွယ်ဝသူတစ်ယောက်သည် ၄င်းနေ့ဥစ္စာနှင့် အရှိန်အဝါ မကြွယ်ဝသော်လည်း မိမိစွမ်းအားနှင့် စေတနာကို သူတစ်ပါးတို့အား ပေးကမ်းနိုင်သော၊ သူဆင်းရဲသည် ၄င်းလောက၌ တကယ်စစ်မှန်သော အောင်မြင်သူများ ဖြစ်ကြပါသည်။

ကိုယ်ကျင့်တရားသည် လူတစ်ယောက်၏ တန်ဖိုးဖြစ်သည်။ လူတစ်ယောက်၏ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ပိုင်အရည်အချင်းရှိမှု၊ ပြင်းထန်သော ယုံကြည်ချက်ရှိမှု၊ သစ္စာရှိမှု၊ သတ္တိရှိမှု၊ ကတိတည်မှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ နားလည်သိတတ်မှု တို့ကို ပေါင်းစည်းထားခြင်း ဖြစ်သည်။

အမှန်တရားကို မြတ်နိုးသူသည် သူမှန်တယ်ဟု ယုံကြည်ထားသည်ကို ဘာတွေ ဖြစ်သွား ဖြစ်သွား ပြောရဲ၊ လုပ်ရဲသည်။ ဘယ်သောအခါမှ ဟန်မဆောင်ပါ။ ခေတ္တခဏ အသာစံရမှုကို မမြင်ပါ။ ဂရုမစိုက်ပါ။ လူပေါ်တွေ၊ လူ့ဗာလတွေ ချီးကျူးတာ၊ ချီးမြှောက်တာလည်း မမှုပါ။ ဘယ်သောအခါမှ မိုးခါးရေ မသောက်ပါ။

အနာဂတ်ခေါင်းဆောင်မည့်သူတွေကို ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလတွေ ဖွံ့ဖြိုးလာအောင် အစွမ်းကုန် လုပ်ဆောင်ပေးရပါမည်။ လောကမှာ လူတစ်ယောက်နှင့်တစ်ယောက် ပေါင်းသင်းဆက်ဆံကြရာတွင် အတင်းကျပ်ဆုံး သီလနှင့် အဖြောင့်မတ်ဆုံး သမာဓိရှိမှသာလျှင် လူ့အသိုက်အဝန်းရဲ့ လေးစားခြင်း၊ ချစ်ခင်ခြင်း၊ တန်ဖိုးထားခြင်း ခံရပါသည်။ လုပ်ရည်ကိုင်ရည် ကိုယ်ရည်ကိုယ်သွေး ရှိမှသာလျှင် လူမှုဝန်းကျင်အသိုက်အဝန်းမှာ ချစ်ခင်မြတ်နိုးမှုနှင့် ကောင်းချီးသြဘာပေးခြင်းကို ခံရပါသည်။

လောကကြီး၌ လူတို့ မွေးဖွားကြီးပြင်းလာခြင်းသည် မိမိရောက်ရှိနေသည့် ရောက်ရာအရပ်၌ ရပ်နေရန် မဟုတ်ပါ။ နေရာတိုင်း အရာရာတိုင်းမှာ အညံ့ခံ၊ အရှုံးပေးနေဖို့လည်း မဟုတ်ပါ။ လူတိုင်း လူတိုင်း၌ တစ်စုံတစ်ရာ ထူးထူးချွန်ချွန်ဖြစ်အောင် လုပ်နိုင်သည့် အခွင့်အရေးများ၊ အရည်အချင်းများ ကိုယ်စီ ရှိကြပါသည်။ တကယ်လုပ်မည်ဆိုပါလျှင် သူ့အတိုင်းအတာနှင့်သူ အောင်မြင်ကြသူများ ဖြစ်ကြပါသည်။

ရည်ရွယ်ချက်ကင်းမဲ့သူတို့ကား ပင်လယ်ထဲမှာ မျောနေသည့် သစ်တုံးများပမာ လှိုင်း၊ လေတို့ဖန်တီးသည့်အတိုင်း မျောချင်ရာမျောနေသူများ ဖြစ်သည်။ ဦးတည်ချက်လည်း မရှိ၊ လမ်းကြောင်းဟူသည် မရှိ၊ ပန်းတိုင်ဟူသည် မရှိ၊ အောင်မြင်မှုဆိုသည်မှာ သူတို့နှင့် ဘာမှမဆိုင်သော အရာသာ ဖြစ်ပေသည်။ ရည်မှန်းချက်ရှိသူတိုင်းသာ လိုရာခရီး ပြီးမြောက်အောင်မြင်ကာ ပန်းတိုင်ကို လှမ်းကိုင်နိုင်မည်သာ။

ရိုးသားဖြောင့်မတ်ခြင်းဆိုသည်မှာ နုံခြင်း၊ အ,ခြင်း၊ ပညာမဲ့ခြင်း မဟုတ်ပါ။ ရိုးသားဖြောင့်မတ်ခြင်းဆိုသည်မှာ မိမိရထိုက်သော ပစ္စည်း၊ မိမိမရထိုက်သော အခွင့်အရေးတို့ကို မမက်မောခြင်းပင် ဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းဟူသော ဂုဏ်ကို ရယူနိုင်ရန် လွယ်ကူလှသည် မဟုတ်ပါ။ ရိုးသားဖြောင့်မတ်မှုကြောင့် မိမိဒုက္ခမရောက်ရအောင် ရှောင်တိမ်းကာကွယ်တတ်သော ပါးနပ်မှုရှိရန် လိုအပ်ပါသည်။ ထို့အတူ ရိုးသားဖြောင့်မတ်မှုကြောင့် ဆိုက်ရောက်လာတတ်သည့် အန္တရာယ်များကို ရင်ဆိုင်နိုင်သော သတ္တိလည်းရှိရန် လိုအပ်ပါသည်ဟူ၍ ဆရာအောင်သင်း၏ အတွေးစကားများကို ဖတ်ရှုလေ့လာမှတ်သားသိရှိရပါသည်။

နိုင်ငံတော်မှာ ပညာတတ်လူငယ်လေးများ ပေါ်ထွန်းလာပြီး အတွေးအခေါ်၊ အမြော်အမြင်ကြီးစွာ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသောစိတ်နှင့် တန်ဖိုးထားကာ လေးစားဖို့ လိုအပ်ပါသည်။ နိုင်ငံအကျိုးကို အမျိုးသားရေးစိတ်ဓာတ်နှင့် တာဝန်သိသိ သစ္စာရှိရှိ ထမ်းဆောင်ကြပါလျှင် အမှန်တကယ် နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာလာလိမ့်မည်ဟု ယုံကြည်မိပါသည်။

အနာဂတ်ကို ပိုင်စိုးကြမည့် လူငယ်များသည် မိမိတို့ ပခုံးပေါ်မှာ ရောက်ရှိလာမည့် တာဝန်များကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ထမ်းဆောင်ကြရန် သိရှိကြစေချင်ပါသည်။ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားကြရပါမည်။ အားကိုးထိုက်သူဖြစ်အောင် ကြိုးစားကြရပါမည်။ တိုးတက်မြင့်မားသူဖြစ်အောင် နိုးကြားကြရပါသည်။ နိုင်ငံတော်၏ အနာဂတ်သည် လူငယ်များ၏ လက်ထဲမှာသာ ရှိပါသည်။

ထို့ကြောင့် လူငယ်တိုင်း အနာဂတ်ကာလ ရွှေရောင်တောက်ပ သာယာလှပသော သမိုင်းအက္ခရာ ကမ္ဗည်းတင်ကြပါ။

## လူထုအခြေပြုဗဟိုဌာန၌ စာအုပ်၊ စာစောင်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ စာအုပ်၊ စာစောင်ပြပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက



လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က ကလေးအလုပ်သမားခိုင်းစေမှု လျှော့နည်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအကြောင်းကို အမှတ်(၂၃) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားပြီး ဗဟုသုတရရှိစေသော သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာမှတ်သား ကြည့်ရှုကြသည်။

ဆက်လက်၍ ကဗျာရွတ်၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပခဲ့ရာ အလယ်တန်းအဆင့် Grade -6 မှ ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(ဝ၆၉)**

## မြို့နယ်စာရေးဆရာများမှ အသင်းဝင် နှစ်စဉ်ကြေးငွေပေးအပ်ပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံ စာရေးဆရာအသင်း စတုတ္ထအကြိမ် စာပေညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းဝင်များ စုပေါင်း၍ ၂၀၂၆ ခုနှစ်အတွက် နှစ်စဉ်ကြေးငွေ ပေးအပ်ပွဲ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်းနာယက မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)က နှစ်စဉ်ကြေးငွေ ပေးသွင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၂၆ ခုနှစ်အတွက် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းဝင် စာရေးဆရာ ၂၄ ဦးမှ စုပေါင်း၍ နှစ်စဉ်ကြေးငွေကျပ် ၉၆၀၀၀ အား မြို့နယ်စာရေးဆရာအသင်းနာယက ဦးစိုးမြင့်ဒွဏ်(အာယုဗေဒ)က မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်ခိုင်ကျော်(ကျောက်ဆည်)ထံသို့ ပေးအပ်ရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ





## အယ်လ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြော

**ကန့်ဘလူ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ညောင်အိုင်၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က အစွန်းရောက် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ၏အချို့ဒေသများတွင် အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်းကို ဖြစ်ပေါ်နိုင်ကြောင်း၊ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် သတိလစ်ခြင်း လက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း စသည့် အကြောင်းအရာများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## သဘာဝဘေး လျှော့ချရေး

* မျက်မှောက်ကာလ လူ့ဘဝ
ကြုံကြရပေ ဘေးဆိုးတွေ
ပြုလေလုပ်အား ပျက်စီးများ
စိတ်ထားဖြူစင် ဉာဏ်ဖြင့်ပြင်
လွှင့်စင်ဘေးများ လွတ်မြောက်ဖြား ။

* သဘာဝဘေး ကြိုတင်တွေး
အရေးဖြာဖြာ ကာကွယ်ပါ
အရာရာတွင် ဘေးကင်းစင်
ဉာဏ်မြင်သတိ အစဉ်ရှိ
ကြိုသိဘေးများ စဉ်ရှောင်ရှား ။

* ကိုယ့်ပတ်ဝန်းကျင် နေ့စဉ်ပင်
ရှုမြင်ခံစား ဘေးဆိုးများ
ကြုံထားသမျှ ဆင်ခြင်ကြ
နေရာကမ္ဘာ နိုးကြားပါ
သွားလာဘေးများ လွတ်မြောက်ဖြား ။

* ဘဒ္ဒကမ္ဘာ ပြောင်းလဲလာ
နေရာတိုင်းတွင် အပူပင်
ကင်းစင်ဖို့ရေး အလေးပေး
အတွေးကိုယ်စီ ရှေ့သို့ချီ
ခေတ်မီနည်းပညာ ချသုံးပါ
သဘာဝဘေး လျှော့ချရေး ။ ။

သောကြာကြယ်

အလိမ္မာ စာမှာရှိ ။




## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၃၂)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ အဆိုပါကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတွေးအခေါ်များ မြင့်မားလာစေရန်၊ စာပေ၏ အကျိုးကျေးဇူးများ ရရှိစေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး လူငယ်လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်တတ်သောရောဂါဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ကြရန် အသိပညာပေးဟောပြောခဲ့သည်။ **(ယာပုံ)**

ထို့နောက် စာရေးဆရာ အကြီးကိုကို(ကသာ)က ကျောင်းသား၊ ကျောင်းသူများအား 'အနာဂတ်အတွက် စာဖတ်ပါ' ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ စာရေးဆရာက ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အမှတ်(၃၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက စာရေးဆရာအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(ဝ၇၅)**



## အာရှထိပ်သီးအစည်းအဝေးသို့ ဝန်ကြီးချုပ်ဟွန်မာနက် တက်ရောက် ကမ္ဘောဒီးယား-အဇာဘိုင်ဂျန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်




**ဘာကူ အောက်တိုဘာ ၁၄**

အဇာဘိုင်ဂျန်နိုင်ငံ၏ မြို့တော် ဘာကူတွင် ကျင်းပခဲ့သည့် အာရှ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေးဆိုင်ရာ ကွန်ဖရင့်၏(၇) ကြိမ်မြောက် ထိပ်သီး အစည်းအဝေးသို့ ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက် တက်ရောက်ခဲ့ပြီးနောက် ကမ္ဘောဒီးယား နှင့် အဇာဘိုင်ဂျန် နိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုများကို မြှင့်တင်ရန် ကတိ ပြုခဲ့ကြောင်း စီအင်န်အေသတင်း ဌာနက ဖော်ပြသည်။

အောက်တိုဘာလ ၁၂ ရက်က ကမ္ဘောဒီးယား စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနနှင့် အဇာဘိုင်ဂျန် စီးပွားရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပ ခဲ့သည့် ကမ္ဘောဒီးယား-အဇာဘိုင် ဂျန် စီးပွားရေးဖိုရမ်တွင် ထိုကတိ ကဝတ်ပြုမှုကို ဟွန်မာနက်က ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ဖိုရမ်သည် စီးပွား ရေးဆက်ဆံရေး ခိုင်မာစေရန်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးချဲ့ရန်နှင့် နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍများကြား မိတ်ဖက်သစ်များ ရှာဖွေရန် ရည် ရွယ်ချက်ဖြင့် အဇာဘိုင်ဂျန်ကုမ္ပဏီ ၉၀ ကို စုစည်းပေးခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ပုပ်ရဟန်းမင်းကြီး လီယို ၁၄ ညာဘက်အဆုတ်အောက်ခြေပိုင်း ဖယ်ရှားသည့် ခွဲစိတ်ကုသမှု အောင်မြင်ခဲ့

**ရောမ အောက်တိုဘာ ၁၄**

ဗာတီကန်ဆေးဘက်ဆိုင်ရာ သတင်းထုတ်ပြန်ချက်အရ ပုပ်ရဟန်းမင်းကြီး လီယို ၁၄ အဆုတ်ကင်ဆာရောဂါဖြစ်ပွားနေ သည်ဟု စစ်ဆေးတွေ့ရှိရသော်လည်း ညာဘက်အဆုတ်အောက် ခြေပိုင်းကို ဖယ်ရှားသည့် ခွဲစိတ် ကုသမှုမှာ အောင်မြင်ခဲ့ကြောင်း သိရသည်။

အသက် ၇၁ နှစ်ရှိပြီဖြစ် သော ပုပ်ရဟန်းမင်းကြီးသည် အောက်တိုဘာ ၁၃ ရက်က ရှီးမြို့ ရှိ ဂျီမယ်လီဆေးရုံ၌ မိနစ် ၉၀ ကြာ ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် အဆုတ်အေဒီနိုကာစီနိုးမားကင် ဆာရောဂါဖြစ်ပွားနေကြောင်း စစ် ဆေးတွေ့ရှိခဲ့ရသည်။

ခွဲစိတ်ကုသမှုမှာ အောင်မြင် ခဲ့ပြီး နောက်ဆက်တွဲပြဿနာ တစ်စုံတစ်ရာမရှိခဲ့ကြောင်း ဗာတီ ကန်က ထုတ်ပြန်ခဲ့သည်။ ခွဲစိတ် မှုအပြီးတွင် ပုပ်ရဟန်းမင်းကြီး သာမန်အတိုင်း သတိပြန်လည် လာခဲ့ပြီး ခဏတာစောင့်ကြည့် ကုသမှုခံယူခဲ့ကာ အခန်းတွင်းသို့ ပြန်လည်ရောက်ရှိသွားခဲ့ကြောင်း သိရသည်။ **Mon**

## အောက်တိုဘာ ၁၅ ရက်တွင်ဖွင့်လှစ်မည့် ယာလူမြစ်ကူးတံတား တရုတ်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ နယ်စပ်ကို ဆက်သွယ်ပေးထား

**ပေကျင်း အောက်တိုဘာ ၁၄**

တရုတ်နှင့် မြောက်ကိုရီး ယားနှစ်နိုင်ငံ နယ်စပ်ကို ဆက် သွယ်ပေးထားကာ ပြီးစီးရန် အချိန်အတော်ကြာ ကြန့်ကြာနေ ခဲ့သည့် ယာလူမြစ်ကူးတံတားကို အောက်တိုဘာလ ၁၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း စီအင်န် အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါတံတားသည် အိမ်နီး ချင်းနှစ်နိုင်ငံအကြား စီးပွားရေး ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာသည့် နောက်ထပ်လက္ခဏာတစ်ရပ်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို နှစ်ဖက်စလုံး က ပူးတွဲကျင်းပရန် စီစဉ်ထား သည်။

အလျား ၃၀၂၆ မီတာရှိပြီး လေးလမ်းမောင်း မော်တော်ယာဉ် သွားတံတားဖြစ်သည့် ယာလူမြစ် ကူးတံတားသစ်သည် တရုတ် နိုင်ငံ မြောက်ပိုင်းနယ်စပ်မြို့ဖြစ် သော ဒန်ဒေါင်းမြို့နှင့် မြောက် ကိုရီးယားနိုင်ငံတို့ကို ဆက်သွယ် ပေးထားခြင်းဖြစ်ကြောင်း သိရ သည်။ **Mon**





## ဗီယက်နမ်၏ ငရုတ်ကောင်းတင်ပို့မှုပမာဏ တန်ဖိုး ၂၁ ရာခိုင်နှုန်း ကျော်လွန်ကာ ဒေါ်လာ ၃၃၁ သန်းအထိရောက်ရှိလာ

**ဟနွိုင်း အောက်တိုဘာ ၁၄**

အခြားနိုင်ငံများမှ အမေရိ ကန်၏ ငရုတ်ကောင်းဝယ်ယူမှု သည် ၁၇ ရာခိုင်နှုန်းမှ ၅၉ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ သော်လည်း ၂၀၂၆ ခုနှစ်၏ ပထမ ခုနစ်လအတွင်း ဗီယက်နမ်နိုင်ငံမှ တင်သွင်းမှုမှာမူ ယခင်နှစ် အလား တူကာလကထက် ၂၂ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြ သည်။

အမေရိကန် အပြည်ပြည် ဆိုင်ရာ ကုန်သွယ်ရေးကော်မရှင်၏ အချက်အလက်များအရ ထို ကာလအတွင်း ဗီယက်နမ်၏ တင် ပို့မှုပမာဏသည် တန်ချိန် ၄၄၁၀၀ သို့ တိုးမြင့်၍ တန်ဖိုးအားဖြင့် ၂၁ ရာခိုင်နှုန်း ကျော်လွန်ကာ အမေရိ ကန်ဒေါ်လာ ၃၃၁ သန်းအထိ ရှိခဲ့သည်။

အမေရိကန်နိုင်ငံ၏ စုစုပေါင်း ငရုတ်ကောင်းတင်သွင်းမှု တန်ချိန် ၅၄၉၀၀ အနက် ဗီယက်နမ်နိုင်ငံမှ တင်သွင်းမှုမှာ ယခင်နှစ်က ၆၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခုအခါ ၈၀ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့် တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ **Mon**

# STOP AIDS

## စက်တင်ဘာလအတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပိုငွေ မူလမျှော်မှန်းထားသည်ထက် ပိုမိုကျယ်ပြန့်လာသည်ဟု ဆို

**ပေကျင်း အောက်တိုဘာ ၁၄**

ပို့ကုန်များ လျင်မြန်စွာ မြင့် တက်လာခဲ့ခြင်းကြောင့် စက်တင် ဘာလအတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် မူလမျှော် မှန်းထားသည်ထက် ပိုမိုကျယ်ပြန့် လာခဲ့ပြီး ယခင်နှစ်က စံချိန်တင် ခဲ့သော ပိုငွေပမာဏကို ကျော်လွန် ရန် လမ်းကြောင်းပေါ်တွင် ရှိနေ စေကာ ပင်မကုန်သွယ်ဘက်နိုင်ငံ များနှင့် ကုန်သွယ်ရေးတင်းမာမှု များကို ပိုမိုမြင့်တက်လာစေဖွယ်ရှိ ကြောင်း စီအင်န်အေသတင်းဌာန က ဖော်ပြသည်။

ဆီမီးကွန်ဒတ်တာများနှင့် စိမ်းလန်းစွမ်းအင်နည်းပညာ ထုတ်ကုန်များအတွက် ကမ္ဘာ့ ဝယ်လိုအားသည် တရုတ်နိုင်ငံ၏ စက်ရုံများကို ဆက်လက်လည် ပတ်နိုင်စေရန် ကူညီပေးခဲ့ပြီး ပြည်တွင်းဝယ်လိုအားနှင့် ရင်းနှီး မြှုပ်နှံမှု နည်းပါးနေခြင်းအပေါ် စီးပွားရေးတိုးတက်မှုကို ထိန်းညှိ ရန် မူဝါဒချမှတ်သူများ၏ ဖိအား ကို လျှော့ချပေးခဲ့သည်။

စက်တင်ဘာလတွင် ပို့ကုန် တင်ပို့မှုသည် ယခင်နှစ် အလား တူကာလကထက် ၃၆ ဒသမ ၃ ရာခိုင်နှုန်းအထိ ထောက်မတ်စွာ မြင့်တက်ခဲ့ပြီး ဩဂုတ်လ၏ ၂၅ ဒသမ ၀ ရာခိုင်နှုန်း မြင့်တက်ခဲ့မှု ထက် ကျော်လွန်ခဲ့ကာ မျှော်မှန်း ထားသည့် ၂၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုကိုလည်း များစွာကျော် လွန်ခဲ့ကြောင်း သိရသည်။ **Mon**

## စင်ကာပူနိုင်ငံ၏စီးပွားရေး တိုးတက်၊ အေအိုင်နည်းပညာ အရှိန်အဟုန်ဖြင့် တိုးတက်မှုကို ဆက်ထိန်းထားနိုင်

**စင်ကာပူ အောက်တိုဘာ ၁၄**

စင်ကာပူနိုင်ငံ၏ စီးပွားရေး သည် လွန်ခဲ့သော သုံးလပတ် အတွင်း ၅ ရာခိုင်နှုန်းကျော် တိုး တက်လာခဲ့ပြီး နိုင်ငံတကာတွင် အလျင်မြန်ဆုံးတိုးတက်နေသည့် အဆင့်မြင့်စီးပွားရေးနိုင်ငံများထဲမှ တစ်ခုဖြစ်လာစေသည့် အေအိုင် နည်းပညာ၏ အရှိန်အဟုန်ဖြင့် တိုးတက်မှုကို ဆက်လက်ထိန်း သိမ်းထားနိုင်လျက်ရှိကြောင်း စီ အင်န်အေသတင်းဌာနက ဖော်ပြ သည်။

ယမန်နေ့က ထုတ်ပြန်ခဲ့သော အစိုးရ၏ ကိန်းဂဏန်းခန့်မှန်းချက် အချက်အလက်များအရ ဇူလိုင်လ နှင့် စက်တင်ဘာလကြားတွင် ဖွံ့ဖြိုးတိုးတက်လာသည့် ပြည် တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) သည် ယခင်နှစ် အလားတူကာလကထက် ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာ ခဲ့ပြီး ဒုတိယသုံးလပတ်က ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့မှု ထက် အနည်းငယ်လျော့နည်း သွားသည်။

ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာန၏ ခန့်မှန်းထုတ်ပြန် ချက်များအရ နိုင်ငံ၏ ဆီမီး ကွန်ဒတ်တာလုပ်ငန်းကဏ္ဍက ဦး ဆောင်နေသည့် ကုန်ထုတ်လုပ်မှု သည် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(၁၆၉/၁၇၁)၊ အခန်း (၂၀၁)၊ (၃)လွှာ၊ (၃၄)လမ်းအထက်၊ (၂)ရပ်ကွက်၊

## ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အိတ်ဖွင့်လေလံကြော်ငြာအမှတ် (၁၇ / ၂၀၂၆-၂၀၂၇)

## အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) တရားရုံးအမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် မြေနှင့်အဆောက်အဦကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့် လေလံဖြင့် ရောင်းချမည့်အစီအစဉ်

အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် - (၀၄-၁၁-၂၀၂၆)

အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် - နံနက် ၉း၀၀ နာရီ။

အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့်နေရာ - အမှတ် (၁၆၉/၁၇၁)၊ အခန်း (၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ခ) အိတ်ဖွင့် လေလံဖြင့် ရောင်းချမည့် ပစ္စည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

Auction 17

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ (၉.၉၁)ဧကရှိ နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

လေလံကြမ်းခင်းဈေးငွေကျပ် (၁၁,၅၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းပေါင်းတစ်သိန်းတစ်သောင်းငါးထောင်တိတိ)

မှတ်ချက် ။ ။ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ မြီရှင်ထံတွင်ရှိပါသည်။

### လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၂။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်လာပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည် မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ် (၁၀၀,၀၀၀/-)နှုန်းငွေသားဖြင့် သတင်းစာ၌ပါလာသည့်နေ့မှစ၍ (၀၂-၁၁-၂၀၂၆) နေ့ နောက်ဆုံးထား၍ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့်ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ Auction 17 အတွက် သမာဓိအာမခံကြေးငွေ (Earnest Money) (ကျပ် ၂၀၀,၀၀၀,၀၀၀/-)(ကျပ်သိန်းနှစ်ထောင်)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၀၂-၁၁-၂၀၂၆) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay )(PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA (Bank) (0025-Mandalay-003) (Kywae Sae Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း၊ UAB Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၀၄-၁၁-၂၀၂၆) နေ့တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်စာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့်မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာရင်းအချက်အလက်များအား (၀၂-၁၁-၂၀၂၆)နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း အမှတ်(၁၆၉/၁၇၁)၊ အခန်း (၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် 09-758211119 တို့ကို ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-940010077, 09-945770555, 09-758211119

**ဒေါ်ချိုချိုမြင့်**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**ဥက္ကဋ္ဌ**

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**

UE Export Import Company Limited

**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ အားကစားနည်းများအလိုက် ဗိုလ်လုပွဲများနှင့် ဆုပေးပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၄

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့်မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက်

စာမျက်နှာ ၁၁ သို့ ❖

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ဘာတို့စ်မာဇူရက်ကို ခေါ်ယူရန် ဘရိုက်တန်အသင်းစီစဉ်




လန်ဒန် အောက်တိုဘာ ၁၄

ဘရိုက်တန်အသင်းသည် ရက်ဘူးလ်ဆောလ်ဘတ်အသင်း ကွင်းလယ်ကစားသမား ဘာတို့စ်မာဇူရက်ကို ခေါ်ယူရန် စီစဉ်လျက် ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ရက်ဘူးလ်ဆောလ်ဘတ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ရက်ဘူးလ်ဆောလ်ဘတ်အသင်းကလည်း ဘာတို့စ်မာဇူရက်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့် အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။ (ဝဲပုံ)

ထို့ကြောင့် ဘရိုက်တန်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ရက်ဘူးလ်ဆောလ်ဘတ်အသင်းမှ ဘာတို့စ်မာဇူရက်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဘာစီလိုနာအသင်းက ဂါလာတာစာရေးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

ဘာစီလိုနာ အောက်တိုဘာ ၁၄

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် ဂါလာတာစာရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ဂါလာတာစာရေးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် ကန်ဆယ်လို၊ ပွဲချိန် မိနစ် ၅၀ တွင် လိုပက်ဇ်၊ ပွဲချိန် ၅၃ မိနစ်တွင် ဂေါ်ဒွန်၊ ပွဲချိန် ၆၅ မိနစ်တွင် အဒီယီမီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘာစီလိုနာအသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ် အဆင့်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၁ရက်တွင် ပီအက်စ်ဂျီအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)

## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက် ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၄ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် ၁၃ ထပ်အဆောက်အအုံ ၁လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးအနက် ၃ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၆၀ ကိုလည်း ဆက်လက်၍စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။




နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သိရှိရသည်။

၁၀၀